# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း (၁၀) ရက် ၊ အင်္ဂါနေ့ ၊ (10-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၂၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်





**နေပြည်တော် ဒီဇင်ဘာ ၉**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ **စာမျက်နှာ ၁၆ ကော်လံ ၁** 🏳

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။



ရတနာပုံ
၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းပေါ်ပေါက်လာစေရေး

လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်။ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးက လူသားတိုင်းရသင့်ရထိုက်သော၊ ခံစားထိုက်သောအခွင့်အရေးများကို လူ့အခွင့်အရေးကြေညာစာတမ်းအဖြစ် အတည်ပြုကြေညာခဲ့သည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း(UDHR) ကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မဲခွဲဆုံးဖြတ်မှုရလဒ်ဖြင့် အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း(UDHR)ကိုအတည်ပြုခဲ့သည့် ဒီဇင်ဘာ ၁၀ ရက်ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ပုံစံအမျိုးမျိုးဖြင့်ကျင်းပလာခဲ့ကြသည်မှာ ယခု ၂၀၁၄ ခုနှစ်တွင် ၇၆ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ယခုနှစ်ဆောင်ပုဒ်မှာ "Our Rights, Our Future, Right Now" ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးရခဲ့ပြီး ထိုနှစ်ဧပြီလတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်။ အဆိုပါ လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုရန် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မဲခွဲဆုံးဖြတ်ခဲ့ကြသည့်အချိန်တွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် မဲပေးခွင့်ရခဲ့ပြီး ထောက်ခံမဲပေးခဲ့သည့်နိုင်ငံအဖြစ်ပါဝင်ခဲ့သည်။ ထိုအချိန်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၄၈ နိုင်ငံတည်းသာရှိသေးပြီး လက်ရှိတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိနေပြီဖြစ်သည်။ လူ့အခွင့်အရေးကြေညာစာတမ်းသည် လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး ကမ္ဘာပေါ်တွင် ပထမဆုံးပေါ်ပေါက်လာသော ကြေညာစာတမ်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ပါဝင်ထောက်ခံခဲ့သော စာတမ်းဖြစ်သည့်အတွက် ဂုဏ်ယူဖွယ်ကောင်းလှသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးက လူ့အခွင့်အရေးဆိုသည်မှာ နိုင်ငံသား၊ မွေးဖွားရာနေရာ၊ ကျား/မ၊ ကိုးကွယ်သည့် ဘာသာ၊ ဘာသာစကားနှင့် အခြားသောမည်သည့်အကြောင်းကြောင့်ဖြစ်စေ ခွဲခြားမှုမရှိဘဲ လူသားအားလုံးနှင့်သက်ဆိုင်သည့် မွေးရာပါ အခွင့်အရေးဟုဆိုထားသည်။ တစ်နည်းဆိုရလျှင် လူ့အခွင့်အရေးဆိုသည်မှာ လူသားများ၏ မွေးရာပါ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုဆိုလိုခြင်းဖြစ်သည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် အပိုဒ် ၃၀ ပါရှိပြီး အပိုဒ် (၁)မှ (၂)သည် လူ့အခွင့်အရေးအားလုံး၏ အခြေခံများ၊ အပိုဒ်(၃) မှ (၂၁)ထိ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ၊ အပိုဒ်(၂၂)မှ (၂၇)ထိတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ အပိုဒ် (၂၈)မှ (၃၀)အထိမှာ လူသားများ၏ တာဝန်ဝတ္တရားများဟူ၍ ခွဲခြားဖော်ပြထားသည်။ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် လူ့အခွင့်အရေးစံများကို တိတိကျကျထည့်သွင်းရေးဆွဲထားသည့်အပြင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကိုပြဋ္ဌာန်း၍ နိုင်ငံသူ၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာသောနိုင်ငံတော်ကြီးကို တည်ဆောက်လိုသူတိုင်းသည် လူ့အခွင့်အရေးအခြေခံသဘောတရားများ သိရှိနားလည်ထားရန်နှင့် လူသားချင်းခွဲခြားမှုပုံသဏ္ဌာန်များကို တိုက်ဖျက်လိုသည့် စိတ်ထားများ ထားရှိရန် လိုအပ်ပေသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့သည် ကမ္ဘာပေါ်ရှိ လူသားအားလုံးနှင့် သက်ဆိုင်သည့် နေ့ထူးနေ့မြတ်ဖြစ်ပြီး လူသားတိုင်းသည် ၎င်းတို့၏ မူလအခွင့်အရေးများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးများအပြည့်အဝလေးစားလိုက်နာကြပါက လူမှုဒုက္ခများ၊ ပဋိပက္ခဖြစ်စဉ်များ လျော့ပါးကွယ်ပျောက်သွားနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ လူသားတိုင်းရသင့်ရထိုက်သည့် လူ့အခွင့်အရေးများကို ခံစားရရှိနိုင်ကြပြီး လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေရေး ဆန္ဒပြုရေးသားအပ်ပါသည်။

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပဲဇီးကွက်နှင့် ပဲလွမ်းပြာများ အရောင်းအဝယ် ကောင်းမွန်လျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပဲဇီးကွက်နှင့် ပဲလွမ်းပြာများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခုလက်ရှိ မန္တလေး ဈေးကွက်အတွင်း၌ ပဲဇီးကွက်နှင့် ပဲလွမ်းပြာများကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း အဝယ်လိုက်နေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"မန္တလေး ပဲ၊ နှမ်းဈေးကွက်ထဲမှာတော့ ပဲဇီးကွက်နဲ့ ပဲလွမ်းပြာက အရောင်းအဝယ် တအားကောင်းတဲ့ ကုန်စည်ထဲမှာတော့မပါပါဘူး။ အခုလတ်တလော ပဲဇီးကွက်နဲ့ ပဲလွမ်းပြာကို မန္တလေးဈေးကွက်အပြင် နယ်ဘက်တွေက ကုန်သည်တွေပါ လာပြီးဝယ်ယူနေတာကြောင့် ဒီကုန်စည်တွေ အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပဲဇီးကွက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အလားတူ မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပဲလွမ်းပြာသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ယခုလက်ရှိ မန္တလေး ပဲ၊ ပြောင်း၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၁၅၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ ပဲ၊ ပြောင်း၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ V2 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ ကုလားပဲ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ကုလားပဲ TW သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

# မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၄၄၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မင်းကင်း ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၄၄၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၁၁၆ ဧက၊ ဖူးစားပြောင်း ၆၀၂၂ ဧက စုစုပေါင်း ၇၁၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၉၈၂ ဧကနှင့် ဖူးစားပြောင်း ၃၄၅၅ ဧက စုစုပေါင်း ၄၄၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကုန်ကျကြောင်း၊ ထို့အတူ ဖူးစားပြောင်း တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော်ကုန်ကျကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၁၆၃ ဧက စိုက်ပျိုးသွားမည်

**မအူပင် ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၁၆၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၂၁၆၃ ဧကကို ယခုနှစ် ဒီဇင်ဘာလဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ငရုတ်များ လျာထားဧကအတိုင်း စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မအူပင်မြို့နယ်မှာ ငရုတ်ဧက ၂၁၀၀ ကျော် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ငရုတ်မျိုးတွေကို စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားချက်နဲ့အညီ ရွေးချယ်စိုက်ပျိုးသွားမှာပါ။ ငရုတ်အပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ငရုတ်စိုက်တောင်သူများကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန်၊ ပိုးမွှားအန္တရာယ် မကျရောက်စေရန်၊ အရည်အသွေးကောင်း ဈေးကွက်ဝင် ငရုတ်များဖြစ်စေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ဆည်မြို့နယ်တွင် VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်း

**ကျောက်ဆည် ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြင်စိုင်းကျေးရွာ (မြင်စိုင်းတိုးချဲ့ ကွက်သစ်)တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေဇာလင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းစဉ်များ စီမံကိန်းမှုဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြင်စိုင်းကျေးရွာ (မြင်စိုင်းတိုးချဲ့ကွက်သစ်)၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအား ထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ကျေးရွာ၏အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာများပံ့ပိုးကာ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေဇာလင်းထံမှ သိရသည်။

**သူသူ**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၉၇၅၄၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြောင်းမြ ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၉၇၅၄၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါး ၁၆၅၇၃၈ ကေစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိစပါး ၉၇၅၄၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီက မိုးစပါးလျာထား ၁၆၅၇၃၈ ကေထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့စပါးတွေကို ရိတ်သိမ်းခဲ့ရာ လက်ရှိမှာ မိုးစပါး ၉၇၅၄၂ ကေထိ ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အခုရိတ်သိမ်းပြီးဖြစ်တဲ့ မိုးစပါးတွေ ရာနှုန်းပြည့် ရိတ်သိမ်းနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေက စနစ်တကျ ပူးပေါင်း ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားတဲ့ မိုးစပါး ၁၆၅၇၃၈ ကေကို ပြန်လည်ရိတ်သိမ်းလျက်ရှိပြီး စပါးတစ်ကေလျှင် ၉၈ ဒသမ ၁၃ တင်းထိ ထွက်ရှိကြောင်း၊ စပါးများ စိုက်ပျိုးရာတွင် ဒေသမြေအနေအထား ရာသီဥတုနှင့် ကိုက်ညီသော စပါးအမျိုးအစားများဖြစ်သည့် သီးထပ်ရင်၊ ထိုင်းဘေးကျား၊ GW-1၊ GW 11 စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လင်းခေးမြို့နယ် ဟန်လွိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**လင်းခေး ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟန်လွိုင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများက ဟန်လွိုင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားသည်။

ဟန်လွိုင်ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းအပြင် Pipe Culvert တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းကို ဂိုး(လ်)ဒင်းမောက်မယ် ကုမ္ပဏီက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၉၆၄ သန်းအသုံးပြု၍ ၂၀၂၄ ခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

# ဝမ်းတွင်းမြို့နယ် ပြည်တော်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်တော်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၇ သန်းဖြင့် ဆောင်ရွက်ထားရှိသော စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်တော်သာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ၁၈၂ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၇သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၄၁၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်

**ချောင်းဦး ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၄၁၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၅၉၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၄၁၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲကေ ၅၉၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၄၁၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ကေလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)



# မြေဆီလွှာနှင့် မြေသြဇာ (အပိုင်း-၁၆)

**ပါမောက္ခကိုကိုအောင်**

မြေဆီလွှာမျက်နှာပြင်ပေါ်မှနေ၍ တစ်လွှာထပ်ပိုး၊ ဖုံးအုပ်ပေးထားသော မြေသားခြောက်များသည် ပူပြင်း ခြောက်သွေ့သောဒေသများ၌ မြေဆီလွှာမျက်နှာပြင် ရေငွေ့ပြန်ခြင်းကို ထိထိရောက်ရောက် ကာကွယ်ဟန့်တားပေးထားသည်။ စွတ်စိုသော ဒေသများ၌မူ မိုးရွာသွန်းမှုပမာဏက အထိုက်အလျောက် များပြားလေ့ရှိပြီး ပူပြင်းခြောက်သွေ့ရက်က နည်းပါးသည့်အတွက် မြေသားအခြောက်လွှာ ဖုံးအုပ်မှုကို ထပ်ကာတလဲလဲ ပြုလုပ်ပေးရန် မလိုအပ်နိုင်ပေ။ သို့ရာတွင် မိုးရွာလိုက် နေပူလိုက် တစ်လှည့်စီ ဖြစ်ပေါ်နေသော အီကွေတာရာသီဥတုရှိသည့် ဒေသများ၌မူ မိုးရွာသွန်းမှုရပ်သွားသည်နှင့် နေအပူရှိန်ကျရောက်မှုက ပြင်းထန်လေ့ရှိသည့်အတွက် မိုးရွာသွန်းပြီးချိန်တွင် စိုက်ခင်းအတွင်း၌ မြေသားအခြောက်တစ်လွှာ ထပ်ပိုးဖုံးအုပ်ပေးခြင်းကို ဝီရိယစိုက်ထုတ်လုပ်ဆောင်ပေးမှသာလျှင် သီးနှံဖြစ်ထွန်းမှုအတွက် အကျိုးရှိနိုင်မည်ဖြစ်သည်။ အရှေ့တောင်အာရှဒေသအတွင်းရှိ စင်ကာပူ၊ ဘရူနိုင်းနှင့် မလေးရှားနိုင်ငံတို့သည် အီကွေတာ ရာသီဥတုရှိသော နိုင်ငံများ ဖြစ်ကြသည်။

မြေဆီလွှာပေါ်၌ ထပ်ပိုးဖုံးအုပ်ပေးမည့် မြေသားခြောက်လွှာသည် အနည်းဆုံး သုံးလက်မခန့် ထူထဲရမည်ဖြစ်သည်။ အနည်းဆုံး သုံးလက်မခန့်ထူသော မြေသားအခြောက်လွှာသည် မြေဆီလွှာထဲရှိရေကို ထိန်းသိမ်းပေးထားနိုင်သည့်အပြင် မြေဆီလွှာကိုပါ ပွယောင်းယောင်း ဖြစ်လာသည်။ ပွသော မြေဆီလွှာသည် လေနှင့်ရေတို့ကို လွယ်ကူစွာ ဝင်ထွက်စေနိုင်သည်ဖြစ်၍ မြေဆီလွှာနှင့် အပင်နှစ်မျိုးစလုံးအတွက် အကျိုးဖြစ်ထွန်းစေသည်။ ထို့ပြင် မြေသားအခြောက်လွှာများကို လဲလှယ်ဖုံးအုပ်ပေးခြင်းဖြင့် မလိုလားအပ်သော ပေါင်းပင်နှင့် အပင်ရိုင်းများကိုပါ သေကျေပျက်စီးစေမည် ဖြစ်သည်။

ဤနည်းအားဖြင့် မြေသားအခြောက်လွှာ ထပ်ပိုးဖုံးအုပ်ပေးခြင်းသည် ပူပြင်းခြောက်သွေ့သော ဒေသများအတွက် မြေဆီလွှာအတွင်းရှိ အကျိုးပြုရေများကို အပင်ကကာလကြာရှည်စွာ အသုံးပြုနိုင်အောင် ထိန်းသိမ်းပေးထားနိုင်သလို မိုးများပြီး စွတ်စိုသောဒေသများ၌လည်း မိုးရေ မရရှိသော အချိန်ကာလများတစ်လျှောက် အပင်များကို ရှင်သန်ကြီးထွား ဖွံ့ဖြိုးစေလျက်ရှိနေသည်။

အချို့သော ကမ္ဘာ့အရပ်ဒေသများတွင် စိုက်ပျိုးရာသီအတွင်း၌ရရှိသည့် မိုးရေပမာဏက နည်းပါးသည့်အတွက် စိုက်ပျိုးမည့် ကောက်ပဲသီးနှံပင်များအတွက် လုံလောက်မှုမရှိနိုင်ပေ။ သို့ဖြစ်၍ ၎င်းဒေသများ၌ စိုက်ခင်းအတွင်းသို့ ရေသွင်းသောနည်းလမ်းကို အသုံးပြုကြရသည်။ စိုက်ခင်းအတွက် လိုအပ်သော လုပ်ငန်းသုံးသွင်းရေ အများစုကို ချောင်းငယ်၊မြစ်ငယ်တို့မှ ရရှိကြသည်။ အရပ်အခေါ်အားဖြင့် လယ်ရိုးဟုခေါ်သော စိုက်ပျိုးမြေအဝန်းအဝိုင်းအတွင်းသို့ ဦးစွာ ရေကိုသွယ်တန်းသွင်းယူကြရသည်။ ထိုမှတစ်ဆင့် စိုက်ခင်းအသီးသီးဆီသို့ တူးမြောင်းငယ်များမှတစ်ဆင့် ရေကိုသွင်းယူကြရသည်။ စိုက်ပျိုးတောင်သူတို့က လယ်ရိုးမှတစ်ဆင့် လယ်ယာဆီသို့ ရေသွင်းခြင်းဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။ ထိုကဲ့သို့သော ရေသွင်းယူခြင်းမျိုးကို စိုက်ပျိုးရာသီအစမှ တူးဖော်တစိမ့်စိမ့်၊ ရေစီးသွားစေသည့် ဒုတိယနည်းလမ်းကိုမူ ပြောင်းသီးနှံနှင့် အာလူးများကို အကြီးအကျယ် စိုက်ပျိုးထုတ်လုပ်သည့် စိုက်ပျိုးရေးလုပ်ငန်းခွင်များ၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိနေကြသည်။ တချို့သော စိုက်ခင်းများ၌မူ တိုင်များ၌ ချိတ်ဆွဲထားသော ရေသွယ်ပိုက်များမှတစ်ဆင့် စိုက်ခင်းပေါ်သို့ ရေပက်ဖျန်းသောနည်းလမ်းကို အသုံးပြုလေ့ရှိကြသည်။ ပက်ဖျန်းသောနည်းလမ်းဖြင့် ရေပေးသွင်းခြင်းပင်ဖြစ်သည်။



တစ်ခါတစ်ရံ၌မူ မိုးကောင်းပြီးစွတ်စိုသော ရိတ်သိမ်းပြီးသည်အထိ ကာလအတွင်း၌သာ ဆောင်ရွက်ကြသည်။

ကောက်ပဲသီးနှံစိုက်ခင်းများအတွင်းသို့ ရေသွင်းယူပုံ အမျိုးမျိုးရှိကြသည့်အနက် အများဆုံးအသုံးပြုလေ့ရှိသောနည်းများမှာ စိုက်ပျိုးမြေ မျက်နှာပြင်ပေါ်၌ ရေကိုလွှမ်းမိုးသွားစေခြင်းနှင့် ဘောင်ခတ်ထားသောမြေရှိ ချိုင့်ဝှမ်းတစ်လျှောက်တွင် ရေကို တစိမ့်စိမ့် စီးဆင်းသွားစေခြင်းတို့ပင်ဖြစ်သည်။ စိုက်ခင်းမြေပေါ်၌ ရေကိုလွှမ်းမိုးသွားစေသည့် ရေသွင်းနည်းလမ်းကို ဂျုံစိုက်ပျိုးရာ၌လည်းကောင်း၊ ကျွဲနွားစသော လယ်ယာလုပ်ငန်းခွင်သုံး၊ တိရစ္ဆာန်များနှင့် မွေးမြူရေးတိရစ္ဆာန်များ၏ အစားအစာအတွက် မြက်များစိုက်ပျိုးရာ၌လည်းကောင်း အသုံးပြုလေ့ရှိကြသည်။ စိုက်ခင်းအတွင်းရှိ ဘောင်ခတ်ထားသောမြေ ဆင်ခြေလျောတစ်လျှောက် အရပ်ဒေသများပင် ဖြစ်လင့်ကစား ခြောက်သွေ့ရာသီကာလမှာ လိုအပ်သည်ထက် ပိုမိုကြာမြင့်နေသည့်အခါ စိုက်ခင်းအတွင်းသို့ ရေသွင်းသည့်နည်းလမ်းကို အသုံးပြုကြရသည်။ မြေဆီလွှာအစိုဓာတ် အမြဲရှိနေအောင် အပေါ်မှတစ်ထပ်ဖုံးအုပ်ထားသည့် မြေသားလွှာအခြောက်၏ သက်တမ်းကလည်း အကန့်အသတ်ရှိသည့်အားလျော်စွာ ခြောက်သွေ့ကာလရှည်လျားလွန်းပါက အပေါ်ယံမြေသားအခြောက်လွှာ၏ ဖုံးအုပ်ကာရံပေးထားနိုင်မှု အာနိသင်က ကုန်ဆုံးသွားသည့်အခါ စိုက်ပျိုးမြေဆီလွှာအတွင်းမှ ရေမြေးများ အငွေ့ပြန်မသွားကြစေရန်အတွက် လိုအပ်သည့် ရေပမာဏကို သွင်းယူကြရသည်။ အထူးသဖြင့် ပွယောင်းယောင်းဖြစ်နေသော မြေပွမြေဆီလွှာများပေါ်၌ စိုက်ပျိုးပေါက်ရောက်ဖြစ်ထွန်းသည့် ကောက်ပဲသီးနှံများအတွက် ခြောက်သွေ့ကာလကြာရှည်လာသည့်ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန်အတွက် ထိုနည်းမျိုးကို အသုံးပြုကြရမည်ဖြစ်သည်။ အမေရိကက အလယ်ပိုင်းဒေသများရှိ တန်ဖိုးကြီး ကောက်ပဲသီးနှံစိုက်ခင်းများ၌ ထိုနည်းလမ်းမျိုးအသုံးပြုကြသည်ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်သည်။

စိုက်ပျိုးမြေဆီလွှာ၏ အပေါ်ယံ၌ဖုံးအုပ်ထားသော မြေဆွေးခြောက်များမှာ နေအပူရှိန်ကြောင့် မျက်မြင်အနေအထားအရ ခြောက်သွေ့နေကြသည့်တိုင် ထိုမြေဆွေးခြောက်တို့၏ အောက်ဘက်ရှိ စိုက်ပျိုးမြေဆီလွှာက မူ အပင်က စုပ်ယူစားသုံးနိုင်အောင် စွတ်စိုမြဲစွတ်စို လျက်ရှိပြီး အပင်၏အမြစ်များကလည်း မြေဆွေးအခြောက်၏ အောက်ဘက်ရှိ စွတ်စိုသော မြေဆီလွှာထဲတွင် ကြီးပွားတိုးတက်လျက်ရှိနေကြသည်။

ကမ္ဘာပေါ်ရှိ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အောင်မြင်နေသော အရပ်ဒေသများအနက် အမေရိကန်နိုင်ငံ အိုင်ဒဟိုပြည်နယ်ရှိ စိုက်ပျိုးတောင်သူတို့သည် စိုက်ပျိုးရေးလုပ်ငန်းကို စနစ်တကျ နည်းလမ်းတကျ လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။ ၎င်းဒေသရှိ စိုက်ပျိုးတောင်သူတို့သည် စိုက်ပျိုးမြေဆီလွှာများအပေါ်၌ မြေဆွေးမြေခြောက်များကို တစ်လွှာထပ်ပိုး ဖုံးအုပ်ခြင်း၊ မြေဆီလွှာတိုက်စားခံရခြင်း မရှိစေရန်အတွက် စိုက်ပျိုးသီးနှံပင်အတန်းကို ဘောင်ခတ်ပေးခြင်း၊ စိုက်ခင်းအတွင်းသို့ ရေသွင်းရာ၌ စိုက်ခင်းကြီး၏ အလယ်ဗဟိုရှိ ကွန်ကရစ်ကန်အတွင်းသို့ အောက်ဖက်မှ ခြောက်လက်မပိုက်ဖြင့် ရေပေးပို့ကာ၊ အဆိုပါ ကွန်ကရစ်ကန်၏ ပတ်ပတ်လည်၌ ဖေါက်ထွင်းသွယ်တန်းထားသော ရေဝေပိုက်လက်တံများမှတစ်ဆင့် စိုက်ခင်းတစ်ခွင်တစ်ပြင်သို့ ရေများပေးပို့ ဖြန့်ဝေခြင်း စသည်တို့ကို စနစ်တကျ နည်းလမ်းတကျဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြသည်။

ရေသွင်းစိုက်ပျိုးရာ၌ စိုက်ခင်းအတွင်းသို့ ရေဝင်ရောက်ရုံမျှသာ သဘောထားပြီး ရေသွင်းခြင်းကို သာမန်မျှသာ လုပ်ဆောင်ကြသူများ၏ စိုက်ခင်းများနှင့် ရေသွင်းခြင်းကို စနစ်တကျ နည်းလမ်းတကျ လုပ်ကိုင်ဆောင်ရွက်ကြသူတို့၏ စိုက်ခင်းများ မြင်ကွင်းပသာဒမှာ မျက်မြင်ကြည့်ရုံမျှနှင့်ပင် လွန်စွာကွာခြားလျက် ရှိနေကြသည်။

စိုက်ပျိုးရေးလုပ်ငန်းအတွက် အရေးပါသော မြေဆီလွှာတို့၏ သဘောသဘာဝကို သိပ္ပံနည်းကျ သုတေသနပြုလေ့လာမိသည်နှင့်အမျှ စိုက်ပျိုးရေးလုပ်ငန်းဆိုသည်မှာ ပေါ့ပေါ့တန်တန် သဘောထား၍မရနိုင်သော အလွန်ပင် စည်းစနစ်ကျရန်လိုအပ်သည့် နည်းပညာတစ်ရပ်ဖြစ်သည်ကို သိရှိသဘောပေါက်လာကြလိမ့်မည် ဖြစ်ပေသည်။

## မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၆၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၆၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ကြက်သွန်နီဧက ၁၁၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၆၃၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ကြက်သွန်နီဧက ၁၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၃၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကြက်သွန်နီအရောင်းအဝယ်ကောင်းဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီစိုက်တောင်သူများ အနေဖြင့် ကြက်သွန်နီ တစ်ဧကစိုက်ပျိုးလျှင် ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျစရိတ်ရှိပြီး တစ်ဧကထွက်အနှုန်းမှာ ပိဿာချိန် ၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီ အများဆုံးစိုက်ပျိုးကြသည့် မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့ ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။



(၂၀၆)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံပဲမျိုးစုံ ၄၇၂၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲအမျိုးမျိုး ၄၇၂၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၄၇၂၁ ဧကကို ယခုနှစ် ဒီဇင်ဘာလ တတိယပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပဲမျိုးစုံလျာထား ၄၇၂၁ ဧကတွင် မတ်ပဲ ၂၀၄ ဧက၊ ပဲတီစိမ်း ၁၅၃ ဧက၊ ဗိုလ်ကိတ်ပဲ ၇၁၆ ဧက မြေပဲ ၃၆၄၈ ဧက စုစုပေါင်း ပဲသီးနှံမျိုးစုံ ၄၇၂၁ ဧက စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲမျိုးစုံဧက ၄၇၀၀ ကျော်ထိ လျာထား စိုက်ပျိုးမှာဖြစ်ပါတယ်။ ဆောင်းသီးနှံပဲတွေ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန အပြင် အခြား နှီးနွှယ်ဌာနတွေနဲ့လဲ ချိတ်ဆက်ကူညီ ပံ့ပိုးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒ့ါပြင် တောင်သူတွေ လိုအပ်တဲ့ စိုက်ပျိုးရေး နည်းပညာသင်တန်းတွေလဲ ဆောင်ရွက်ပေးထားပါတယ်''ဟုငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငရုတ်ကောင်းမြို့တွင်ဆောင်းသီးနှံပဲမျိုးစုံအပါအဝင် အခြားသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အဆိုပါ ပဲသီးနှံများ အထွက်နှုန်းကောင်းစေရန် ၊ အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုမရှိစေရန်၊ အပင်အားဆေး၊ ပိုးသတ်ဆေး ၊ ဓာတ်မြေဩဇာ စသည့်တိုကို စနစ်တကျ သုံးစွဲတတ်စေရန် စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း အသိပညာပေး ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## အောင်လံမြို့နယ် အုတ်ချစ်ကုန်းကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အုတ်ချစ်ကုန်း ကျေးရွာ၌ ၄၀၀ ဗို့ဓာတ် အားလိုင်း သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာလ ၈ရက်နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ အောင်လံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးကကျေးရွာ စီမံကိန်း လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် အရည်အသွေး ပြည့်မီစေရေး ဝိုင်းဝန်းကြိုးစားကြရန် ဆွေးနွေးမှာကြားသည်။

အုတ်ချစ်ကုန်းကျေးရွာတွင် အရှည် ပေ ၈၉၀၀ ရှိ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည် ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေ၏ ၅၀ရာခိုင်နှုန်း ဖြစ်သည့် ငွေကျပ်သန်း ၂၀နှင့် ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ် ၇၆ ဒသမ ၁၇၂၄သန်းတို့ဖြင့် မြို့နယ် စီမံ ကိန်း တာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက အုတ်ချစ်ကုန်းကျေးရွာရှိ ကျေးလက်နေ ပြည်သူတို့အတွက် လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူ အဆင်ပြေ လာတော့မည်ဖြစ်ကြောင်း အောင်လံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ပြောပြ၍ သိရသည်။ **ကိုလှိုင်**

## လွမ်းရသော မိုင်းပုလုံ

\- တကယ် မေ့ပါဘူး
ဘယ်နေ့ ဘယ်အခါ၌
ပြန်လည်ကာ တို့ဆုံဆည်းမှာလဲ
ခရီးတာ ဆီးကာလှမ်းပေမယ့်
အစဉ်သာ ရင်မှာလွမ်းပါဘိ
ရှမ်းမြေမြင့် ''မိုင်းပုလုံ'' ။

\- လွယ်လပ်ဆန် လွယ်လပ်မား ရယ်လို့
မြင့်ဖျား တောင်နှစ်သွယ်က
ခံ့ထည်ထည် အမြင့်ထူးပါဘိ
ထင်းရှူးပြာညိုညိုနဲ့
စိမ်းစိုစို ယူကလစ်တွေလဲ
ရွှန်းသစ်လို့ မွှေးထုံထုံ။

\- အရှေ့ဖျားဆီ၌
မြသား နီလာခြံုတဲ့
မှိုင်းမှုန်မှုန် မိုင်းတုံမြို့ပါကွဲ့
ညိုပြာပြာ အနောက်ပိုင်းမှာဖြင့်
မိုင်းပြင်း တာကော်က
လာပါနော် ဖိတ်ခေါ်ကမ်းသည်သို့
လှမ်းမြင်ရ အလှစုံ
နှင်းမှုန်က ဝေ့ဝဲ။

\- တောတိုး ချုံဖယ်
ကျော်ပိုး ဝန်စလည်နဲ့
ပြည့်ရန်စွယ် ကာကွယ်တားလေတဲ့
စစ်သားဇာနည်မို့
ချစ်ကြည်စွာ ညီနောင်ရင်းတွေနဲ့
ရိုင်းပင်းကာ အောင်စည်လွှမ်းခဲ့တဲ့
မိုင်းပုလုံ ရှမ်းတောင်တန်းကိုဖြင့်
အလှမ်း ဘယ်လိုကွာလဲ
မမေ့ပါ ခါခါတမ်းလို့ရယ်
လွမ်းမိသည်ပဲ။ ။

**မြင်းမှူမောင်နိုင်မိုး**

# နိုင်ငံတကာ သတင်းများ

## ဆီးရီးယားပြဿနာအတွက် နိုင်ငံရေးအရအဖြေရှာရန် တရုတ်အစိုးရတိုက်တွန်း



ပေကျင်း ဒီဇင်ဘာ ၉

ဆီးရီးယားနိုင်ငံ အနေဖြင့် လက်ရှိ နိုင်ငံရေးပြဿနာများ အတွက် နိုင်ငံရေးအရ အဖြေရှာရန် တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် တိုက်တွန်းခဲ့သည်။ ထို့ပြင် ဆီးရီးယားနိုင်ငံအနေဖြင့် တည်ငြိမ်မှုနှင့် တရားဥပဒေ စိုးမိုးမှုကို အမြန်ဆုံးပြန်လည် တည်ဆောက်ရန်လည်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနကြေညာချက်၌ တောင်းဆိုထားသည်။

သမ္မတဟောင်း အာဆတ် ဦးဆောင်သည့် ဆီးရီးယားအစိုးရအဖွဲ့ ဒီဇင်ဘာ ၈ ရက်တွင် ပြိုကွဲခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ အဆိုပါကြေညာချက်ပေါ်ထွက်လာရခြင်းဖြစ်သည်။

တရုတ်အစိုးရအနေဖြင့် ဆီးရီးယားနိုင်ငံ၏ အခြေအနေများကို အနီးကပ် စောင့်ကြည့်နေပြီး သက်ဆိုင်ရာအင်အားစု အားလုံး အနေဖြင့် ဆီးရီးယားပြည်သူများ၏ အခြေခံအကျိုးစီးပွားများကို ကာကွယ်ပေးလိမ့်မည်ဟုမျှော်လင့်ထားကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံ၏ အနာဂတ်နှင့်ရည်မှန်းချက်ပန်းတိုင်ကိုဆီးရီးယားပြည်သူများကသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

ဆီးရီးယားအစိုးရ ပြိုကွဲမှုကြောင့် မူလကပင် စစ်ပွဲများ ဖြစ်ပွားနေသော အရှေ့အလယ်ပိုင်းဒေသ၌ မရေမရာအခြေအနေသစ်များ ထပ်မံပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဆီးရီးယားနှင့် အစ္စရေးနယ်စပ်ကြားခံဇုန်ကို သိမ်းယူထားရန် အစ္စရေးဝန်ကြီးချုပ်ညွှန်ကြား

ဂျေရုဆလင် ဒီဇင်ဘာ ၉

ဆီးရီးယားအစိုးရပြိုကွဲခဲ့ရပြီးနောက် အစ္စရေးနှင့် ဆီးရီးယားတို့ကြား နယ်စပ်ပေါ်ရှိ ကြားခံဇုန်ကို သိမ်းယူထားရန်အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အစ္စရေး တပ်မတော်ကို ဒီဇင်ဘာ ၈ ရက်တွင် ညွှန်ကြားထားကြောင်း သိရသည်။

ဆီးရီးယားနှင့် အစ္စရေးနိုင်ငံတို့ကြားရယူထားသည့် နှစ်ဖက် တပ်များခွာထားရေးသဘောတူညီချက် ပျက်ပြယ်ခဲ့ပြီဖြစ်ပြီး ကြားခံဇုန်အတွင်းရှိ ဆီးရီးယားတပ်များလည်း ဆုတ်ခွာသွားပြီဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောကြားထားသည်။

သို့ဖြစ်ရာ အစ္စရေးနှင့် ဆီးရီးယားနယ်စပ်ကြားခံဇုန်ကို ယာယီ သိမ်းပိုက်ထားရန် မိမိအနေဖြင့် အစ္စရေးတပ်မတော်ကို ညွှန်ကြားထားကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ကြေညာထားသည်။

သူပုန်တပ်များက ဒမတ်စကတ်မြို့ကို ထိန်းချုပ်ခဲ့ပြီး ဆီးရီးယားအစိုးရပြိုကွဲခဲ့ချိန်တွင် ဆီးရီးယားနှင့် အစ္စရေးတို့ကြား ရယူထားသော နှစ် ၅၀သက်တမ်းရှိ တပ်များခွဲထွက်ရေး သဘောတူညီချက်သည်လည်း ပျက်ပြယ်ခဲ့ရသည်။

ဆီးရီးယားနှင့် အစ္စရေး နယ်စပ်ကြားခံဇုန်၌ တပ်များ ဖြန့်ကြက်ထားပြီး ဖြစ်ကြောင်း အစ္စရေးတပ်မတော်က ဒီဇင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အစ္စရေးတပ်များ အနေဖြင့် နယ်စပ်ကြားခံဇုန်အတွက် လိုအပ်သလောက် အချိန်အတိုင်းအတာထိနေရာယူထားမည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ref : RT
Trs : KKO

## ဆီးရီးယားနိုင်ငံ၌ နိုင်ငံရေးအပြောင်းအလဲများရုတ်တရက်ဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများမြင့်တက်လာ

နယူးယောက် ဒီဇင်ဘာ ၉

ဆီးရီးယားနိုင်ငံ၌ နိုင်ငံရေး အပြောင်းအလဲများ ရုတ်တရက် ဖြစ်ပွားခဲ့ပြီးနောက် ယနေ့တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းမှာ သုည ဒသမ ၅၁ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၄၈ ဒေါ်လာထိ မြင့်တက်လာခဲ့ရသည်။

ဆီးရီးယားအစိုးရ ပြိုလဲခဲ့မှုကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ မရေမရာ အခြေအနေသစ်များ ပေါ်ထွက်လာချိန်တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့ရခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ ထပ်မံပေါ်ထွက်လာသော မရေမရာအခြေအနေသစ်များသည် ကမ္ဘာ့ရေနံဈေးကွက်အပေါ် ရိုက်ခတ်ခဲ့ကြောင်း ရေနံဈေးကွက် ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

ဆီးရီးယားသူပုန် အုပ်စုများသည် ဒီဇင်ဘာ ၈ ရက်တွင် ဒမတ်စကတ်မြို့ကို ထိန်းချုပ်ခဲ့ပြီးနောက် သမ္မတအာဆတ် ဦးဆောင်သည့် ဆီးရီးယားအစိုးရပြိုလဲခဲ့ရသည်။

သို့ရာတွင် တရုတ်နိုင်ငံ၏ရေနံဝယ်လိုအား အားပျော့နေမှုကြောင့် နှစ်ကုန်ပိုင်းတွင် ပြန်လည်တည်ငြိမ်လာနိုင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO





## တူကီယဲ၌ ရဟတ်ယာဉ်နှစ်စင်းဝင်တိုက်မှု ဖြစ်ပွားခဲ့သောကြောင့် တပ်ဖွဲ့ဝင်ငါးဦး သေဆုံး

အင်ကာရာ ဒီဇင်ဘာ ၉

တူကီယဲနိုင်ငံအနောက်မြောက်ပိုင်း၌ စစ်သုံးရဟတ်ယာဉ်တစ်စင်းသည် ယနေ့တွင် ပျက်ကျခဲ့ရာ တူကီယဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့သည်။

ပျက်ကျခဲ့သည့် ရဟတ်ယာဉ်မှာ ယူအိတ်ချ်-၁ အမျိုးအစား စစ်ဘက် သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်ဖြစ်ကြောင်း တူကီယဲမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါရဟတ်ယာဉ်သည် အစ္စပါတာပြည်နယ်၌လေ့ကျင့်ပျံသန်းနေစဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။

ယူအိတ်ချ်-၁ ရဟတ်ယာဉ် ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူများထဲတွင် တူကီယဲတပ်မတော်ဗိုလ်မှူးချုပ်တစ်ဦးလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်သည် လေ့ကျင့်ပျံသန်းမှု အတူပြုလုပ်နေသည့် အခြားရဟတ်ယာဉ် တစ်စင်းကို ဝင်တိုက်ခဲ့ပြီးနောက် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ရဟတ်ယာဉ်ချင်း ဝင်တိုက်မှုတွင် ပါဝင်ခဲ့သော ကျန်ရဟတ်ယာဉ်တစ်စင်းကမူ မြေပြင်ပေါ်သို့ ဘေးကင်းစွာပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် ရဟတ်ယာဉ်နှစ်စင်းဝင်တိုက်မှုဖြစ်စဉ်ကို တူကီယဲတပ်မတော်က စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## တောင်ကိုရီးယားအရှေ့ပိုင်း၌ ရေယာဉ်နှစ်စီးဝင်တိုက်မှုဖြစ်ပွား ရေလုပ်သား ခုနစ်ဦးသေဆုံး၍ တစ်ဦးပျောက်ဆုံးနေ

ဆိုးလ် ဒီဇင်ဘာ ၉

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း ယနေ့တွင် ငါးဖမ်းသင်္ဘောတစ်စီးနှင့် သံတင်သင်္ဘောတစ်စီးတို့ ဝင်တိုက်ခဲ့ပြီးနောက် တိမ်းမှောက်ခဲ့ရသည်။

ငါးဖမ်းသင်္ဘော နစ်မြုပ်ခဲ့မှုကြောင့် ရေလုပ်သား ခုနစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးပျောက်ဆုံးနေကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

တောင်ကိုရီးယား နိုင်ငံသား သုံးဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား ငါးဦးတို့လိုက်ပါလာသည့် အဆိုပါ ငါးဖမ်းရေယာဉ်သည် ဂျောင်ဂျူးမြို့အနီး ရေပြင်အတွင်း၌ သံတင်သင်္ဘောနှင့် ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ပျောက်ဆုံးနေသူတစ်ဦးကို ရှာဖွေရေးအတွက် တောင်ကိုရီးယားအစိုးရကကမ်းခြေစောင့်တပ်သင်္ဘော ၁၅ စီးနှင့် ရဟတ်ယာဉ်ခြောက်စင်းစေလွှတ်ထားကြောင်း သိရသည်။

ရေယာဉ် မတော်တဆမှုတွင် ပါဝင်သည့် သင်္ဘောများအနက် ငါးဖမ်းရေယာဉ်မှာ ၂၉ တန်ရေယာဉ်ဖြစ်ပြီး သံတင်ရေယာဉ်မှာ ၄၅၆တန်ရှိသော ရေယာဉ်ဖြစ်သည်။

သင်္ဘောချင်းဝင်တိုက်မှုဖြစ်စဉ်တွင်သံတင်သင်္ဘောပေါ်၌ လိုက်ပါလာသူများမှာ အထိအခိုက်မရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## အင်္ဂါဂြိုဟ်၏ဒြပ်ဆွဲအားနှင့် ကမ္ဘာဂြိုဟ်၏ရာသီဥတုတို့ကြား ဆက်စပ်မှုရှိနေ



**ကင်ဘာရာ ဒီဇင်ဘာ ၉**

အင်္ဂါဂြိုဟ်၏ ဒြပ်ဆွဲအားနှင့် ကမ္ဘာဂြိုဟ်၏ ရာသီဥတုတို့ကြား ဆက်စပ်မှုရှိနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ပြီးခဲ့သောနှစ်ပေါင်း ၆၅ သန်းအတွင်း ပေါ်ပေါက်ခဲ့သည့် ဘူမိဖြစ်စဉ်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ကမ္ဘာပေါ်ရှိ ပင်လယ်ရေနက်ပိုင်း ရေစီးကြောင်းများသည် နှစ်ပေါင်း ၂ ဒသမ ၄ သန်းလျှင် တစ်ကြိမ်ကျ အားကောင်းလာတတ်သည်။

အထက်ပါဖြစ်စဉ်သည် အင်္ဂါဂြိုဟ်နှင့်ကမ္ဘာဂြိုဟ်ကြား ဒြပ်ဆွဲအား အပြန်အလှန်သက်ရောက်မှုနှင့် ဆက်စပ်နေနိုင်ကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ပင်လယ်ရေနက် ရေစီးကြောင်းများသည် ပုံမှန်ထက်အားကောင်းချိန်တစ်လှည့်၊ ပုံမှန်ထက်အားနည်းချိန် တစ်လှည့် ရှိနေတတ်ပြီး သမုဒ္ဒရာကြမ်းပြင်ဒေသများ အနည်ထိုင်မှုအပေါ် အကျိုးသက်ရောက်မှုရှိတတ်သည်။

အင်္ဂါဂြိုဟ်၏ ဒြပ်ဆွဲအားကြောင့် နှစ်ပေါင်း ၂ ဒသမ ၄ သန်းလျှင် တစ်ကြိမ်ကျ ကမ္ဘာဂြိုဟ်သည် နေနှင့်ပိုနီးသွားတတ်ပြီး ရာသီဥတုပို၍ပူနွေးလာခြင်း၊ နေ၏ဖြာထွက်ရောင်ခြည်ရိုက်ခတ်မှုပိုအားကောင်းလာခြင်းများနှင့် ကြုံရနိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်း လွှတ်တင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၉**

အမေရိကန်နိုင်ငံအခြေစိုက် Space-X ကုမ္ပဏီသည် ဒီဇင်ဘာ ၈ ရက်က စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ်ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့်ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖုံးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။




ဒီဇင်ဘာ ၈ ရက် မစ်ရှင်တွင် လွှတ်တင်ခဲ့သော စတားလင့်ခ်ဂြိုဟ်တု ၂၃ စင်းအနက် ၁၃ စင်းမှာ ဆဲလ်ဖုန်းများအတွက် အင်တာနက်ဝန်ဆောင်မှု တိုက်ရိုက်ပေးမည့် ဂြိုဟ်တုများဖြစ်ကြကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၂၃ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က ပင့်ကူအိမ်ကဲ့သို့ ကုန်းတန်းများဖြာထွက်နေသည့် အင်္ဂါဂြိုဟ်နယ်မြေတစ်ခုကို လေ့လာမည်

**ဝါရှင်တန် ဒီဇင်ဘာ ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ပင့်ကူအိမ်ကဲ့သို့ ကုန်းတန်းများဖြာထွက်နေသည့် အင်္ဂါဂြိုဟ်နယ်မြေတစ်ခုကို လေ့လာမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။



အင်္ဂါဂြိုဟ်ပေါ်၌ တစ်ချိန်က ရေများစီးဆင်းခဲ့မှုကြောင့် ပေါ်ထွက်လာရဖွယ်ရှိသည့် အဆိုပါနယ်မြေသည် အချင်းအားဖြင့် ခြောက်မိုင်မှ ၁၂ မိုင်ထိ ကျယ်ပြန့်ကြောင်း၊ အဆိုပါနယ်မြေ၌ အင်္ဂါဂြိုဟ် ရှေးဟောင်းရေခါတ်များ၏ သဲလွန်စများ ရှိနေနိုင်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ၁၂ နှစ်ကြာ စူးစမ်းလေ့လာရေးမစ်ရှင်၏ နောက်ဆုံးအဆင့်ကို ပြီးခဲ့သည့် နှစ်ကုန်ပိုင်းတွင် အပြီးသတ် လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် ပင့်ကူအိမ်နယ်မြေသို့ ၂၀၂၅ ခုနှစ် အစောပိုင်းတွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ အဆိုပါ လေ့လာရေးယာဉ်သည် ၂၀၁၂ ခုနှစ် ဩဂုတ် ၆ ရက်က အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## နေ့စဉ်လေ့ကားတက်ရောက်မှုက နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာပေါ်လာနိုင်ခြေကို လျှော့ချပေးနိုင်

**ပေကျင်း ဒီဇင်ဘာ ၉**

နေ့စဉ် လှေကားတက်ရောက်မှုသည် လေဖြတ်ရခြင်း၏ အဓိကအကြောင်းတရား တစ်ရပ်ဖြစ်သော နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာ (Atrial Fibrillation) ပေါ်လာနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ တီယန်ကျင်း ဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၅၀ ခန့်အရွယ် လူပေါင်း ၅၀၀၀၀၀ တို့၏ နေ့စဉ်လှေကားအတက်အဆင်းပုံစံနှင့် နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာဖြစ်ပွားမှုတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ နေ့စဉ်အနည်းဆုံး လှေကားထစ် ၁၁၀ ထိ တက်ရောက်ရသူများတွင် နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာ ပေါ်လာနိုင်ခြေ ၃၁ ရာခိုင်နှုန်းပိုနည်းပါးကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ နေ့စဉ်လှေကားထစ်တက်ရောက်မှုသည် နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာ ပေါ်လာနိုင်ခြေကို လျှော့ချပေးခြင်းဖြင့် လေဖြတ်မှုကို ကာကွယ်ပေးနိုင်သော ရိုးစင်းထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ယခင်ပြုလုပ်ခဲ့သော လေ့လာမှုများတွင်လည်း လှေကားထစ် ပုံမှန်တက်ရောက်မှုမှာ နှလုံးကျန်းမာရေးကို ထိန်းပေးနိုင်ကြောင်း တင်ပြခဲ့ကြပြီးဖြစ်သည်။

Ref : Russia Today

Trs : KKO

## အမေရိကန်နိုင်ငံသားများ၏ ပျမ်းမျှသက်တမ်းက ဆယ်စုနှစ်အတွင်း ကမ္ဘာ့အဆင့် ၆၆ နေရာသို့ရောက်နိုင်

**နယူးယောက် ဒီဇင်ဘာ ၉**

အမေရိကန် နိုင်ငံသားများ၏ ပျမ်းမျှသက်တမ်းသည် လာမည့် ဆယ်စုနှစ်များအတွင်း ကမ္ဘာ့အဆင့် သတ်မှတ်ချက်၌ အဆင့် ၆၆ နေရာသို့ ရောက်သွားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၈ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံများထဲတွင် ပါဝင်သော်လည်း အခြားချမ်းသာသောနိုင်ငံများမှ ပြည်သူများနှင့် နှိုင်းယှဉ်ပါက အမေရိကန်နိုင်ငံသားများမှာ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးသူပိုများလာကြောင်း ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အဝလွန်မှု၊ မူးယစ်ဆေးသုံးစွဲမှုအပါအဝင် မျက်မှောက်ခေတ်ကျန်းမာရေးပြဿနာများကြောင့် အမေရိကန် နိုင်ငံသားများ၏ ပျမ်းမျှဘဝသက်တမ်းမှာ လာမည့် ဆယ်စုနှစ်များအတွင်း ဆက်လက်ကျဆင်းသွားနိုင်သည်ဟု သုတေသနပညာရှင်များက သတိပေးထားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အမေရိကန်နိုင်ငံသားများ၏ ပျမ်းမျှဘဝသက်တမ်းသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် နိုင်ဂျီးရီးယား၊ ကင်ညာ၊ ဆီးရီးယားနှင့် အာဖဂန်နစ္စတန်ကဲ့သို့ နိုင်ငံများမှ ပြည်သူများထက်ပင် ပို၍နည်းပါးလာနိုင်ပြီး ပျမ်းမျှဘဝသက်တမ်း အရှည်ဆုံး နိုင်ငံများစာရင်းတွင် အဆင့် ၆၆ နေရာသို့ရောက်သွားနိုင်ကြောင်း သိရသည်။

အမေရိကန် ပြည်သူများ၏ ပျမ်းမျှဘဝသက်တမ်းမှာ မြင့်တက်နေသော်လည်း အခြားချမ်းသာသည့်နိုင်ငံများမှ ပြည်သူများနှင့် နှိုင်းယှဉ်ပါက အတန်ငယ်မျှ တိုတောင်းနေဆဲဖြစ်သည်။

Ref : Sputnik News

Trs : KKO






## Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို စကော့တီရှက်ဖလာဆွတ်ခူး

**ဘဟားမားစ် ဒီဇင်ဘာ ၉**

အမေရိကန်နိုင်ငံ ဘဟားမားစ်ပြည်နယ်တွင် ကျင်းပခဲ့သည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၅ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား တွမ်ကင်မ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဂျက်စတင်သောမတ်စ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် စကော့တီရှက်ဖလာသည် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်ပြီး Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံကို ကာကွယ်နိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယင်းအပြင် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆွတ်ခူးခဲ့သည့် ချန်ပီယံဆုသည် ယခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း ကိုးလုံးမြောက် ဆွတ်ခူးနိုင်ခဲ့သော ဆုဖလားဖြစ်ပြီး တစ်ရာသီအတွင်း ဆုဖလားအများဆုံး ဆွတ်ခူးနိုင်ခဲ့သော ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

စကော့တီရှက်ဖလာက "အားရကျေနပ်စရာကောင်းတဲ့ အောင်ပွဲဖြစ်ပါတယ်။ နောက်ဆုံးနေ့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်က အရမ်းကို ကောင်းမွန်ခဲ့သလို မျှော်လင့်ထားတာထက်တောင် ပိုကောင်းခဲ့ပါတယ်။ ကာလတစ်ခုထိ အနားယူခဲ့ပြီးမှ ပြိုင်ပွဲပြန်ဝင်ဖြစ်ခဲ့တဲ့ ခံစားမှုကလဲ ပိုပြီးတော့တောင် စိတ်လှုပ်ရှားစေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



## ပရီးမီးယားလိဂ်တွင် ပင်နယ်တီကန်သွင်းမှု အကောင်းဆုံးအဖြစ် ပယ်မာထိပ်ဆုံးတွင်ရပ်တည်



**လန်ဒန် ဒီဇင်ဘာ ၉**

ပရီးမီးယားလိဂ် ပွဲစဉ်(၁၅)အဖြစ် စပါးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ချဲလ်ဆီးအသင်းအတွက် ပင်နယ်တီနှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ပယ်မာအနေဖြင့် ပင်နယ်တီကန်သွင်းမှု အကောင်းဆုံးအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ကွင်းလယ် ကစားသမား ပယ်မာသည် စပါးအသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် ၆၁ မိနစ်နှင့် ၈၄ မိနစ်တို့၌ ပင်နယ်တီနှစ်ကြိမ်ထိ သွင်းယူနိုင်ခဲ့ကာ အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ပင်နယ်တီကန်သွင်းမှု ၁၂ ကြိမ်ထိရှိလာခဲ့ကာ ပင်နယ်တီကန်သွင်းမှု အကောင်းဆုံး ဖြစ်လာခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် သမိုင်းတွင် ပင်နယ်တီကန်သွင်းမှု အကောင်းဆုံးအဖြစ် ပယ်မာက ပင်နယ်တီ ၁၂ ကြိမ်တွင် ၁၂ ဂိုးဖြင့် အဆင့်(၁)၊ ယာယာတိုရေးက ၁၁ ကြိမ်တွင် ၁၁ ဂိုးဖြင့် အဆင့် (၂)၊ လီတစ်စီယာက ၂၆ ကြိမ်တွင် ၂၅ ဂိုးဖြင့် အဆင့် (၃)၊ ဒန်နီမာဖီက ၁၉ ကြိမ်တွင် ၁၈ ဂိုးဖြင့် အဆင့် (၄)၊ ဝယ်လ်ဆင်က ၁၇ ကြိမ်တွင် ၁၆ ဂိုးဖြင့် အဆင့် (၅)၊ ဂျိမ်းဘီယာတိုင်းက ပင်နယ်တီ ၁၇ ကြိမ်တွင် ၁၆ ဂိုးဖြင့် အဆင့် (၆)၊ ဂျူလီယန်ဒစ်က ၁၆ ကြိမ်တွင် ၁၅ ဂိုးဖြင့် အဆင့် (၇)၊ ဟာလန်းက ၁၆ ကြိမ်တွင် ၁၅ ဂိုးဖြင့် အဆင့် (၈) နေရာတွင် ရပ်တည်လျက်ရှိသည်။

ပယ်မာသည် ၂၀၂၃ ခုနှစ်က မန်စီးတီးအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းတွင် အဓိက ကစားသမားဖြစ်လာခဲ့ကာ ပြိုင်ပွဲစုံ သွင်းဂိုး ၃၄ ဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ပရီးမီးယားလိဂ်တစ်လတာ အကောင်းဆုံးဆုများ၊ ပရီးမီးယားလိဂ်ပရိသတ်များကပေးအပ်သည့် တစ်နှစ်တာ အကောင်းဆုံးဆု၊ အင်္ဂလန် တစ်နှစ်တာ အကောင်းဆုံးဆုတို့ကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**Ref : 90min**
**Trs : ML**

## WBO ဖယ်သာဝိတ်တန်း ချန်ပီယံဆုကို အက်စ်ပင်နိုဇာ ကာကွယ်နိုင်ခဲ့

**အရီဇိုးနား ဒီဇင်ဘာ ၉**

WBO ဖယ်သာဝိတ်တန်း ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် မက္ကဆီကိုလက်ဝှေ့သမား အက်စ်ပင်နိုဇာနှင့် စိန်ခေါ်သူ ကျူးဘားလက်ဝှေ့သမား ရာမီရက်ဇ်တို့ ဒီဇင်ဘာ ၈ ရက်တွင် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ထိုးသတ်ခဲ့ရာ အက်စ်ပင်နိုဇာက အနိုင်ရရှိကာ ချန်ပီယံဆုအား ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



အက်စ်ပင်နိုဇာသည် ခြောက်ချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး တတိယမြောက် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အား ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အက်စ်ပင်နိုဇာသည် ခြောက်ချီမြောက်တွင် အားပါပြင်းထန်သော ညာလက်သီးထိုးချက်ဖြင့် ရာမီရက်ဇ်အား လဲကျသွားအောင် ထိုးသတ်နိုင်ခဲ့ခြင်းဖြစ်သော်လည်း ရာမီရက်ဇ်က အက်စ်ပင်နိုဇာသည် စည်းကမ်းချိုးဖောက်မှုများ ရှိခဲ့ပြီး ကြိုးဝိုင်းဒိုင်အား အသိပေးခဲ့သော်လည်း လျစ်လျူရှုခဲ့ကြောင်း ရာမီရက်ဇ်က ပွဲအပြီးတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အက်စ်ပင်နိုဇာက "ကျွန်တော့်အနေနဲ့ အနိုင်ရနိုင်တဲ့ ပြတ်သားတဲ့ ထိုးချက်တွေနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ထိုးချက်တွေက အားပါပြင်းထန်သလို ပြိုင်ဘက်အတွက် ဒီလက်သီးချက်ကိုခံနိုင်ဖို့ ခက်ခဲလိမ့်မယ်ဆိုတာ ကျွန်တော်သိပါတယ်။ နောက်ထပ် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်တွေကို ထိုးသတ်သွားဖို့ စီစဉ်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

## ၂၀၂၇ အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲအတွက် မဲခွဲမှုအပြီး မြန်မာအသင်း ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ ပါလက်စတိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၂၇ အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုပွဲစဉ်များအတွက် မဲခွဲမှုအပြီးတွင် မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ဆီးရီးယားအသင်း၊ အာဖဂန်နစ္စတန်အသင်း၊ ပါလက်စတိုင်းအသင်းတို့နှင့် အတူ အုပ်စု(E)တွင် တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေကြောင်း သိရသည်။

၂၀၂၇ အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၄ သင်းဖြင့် လေးသင်းပါ ခြောက်အုပ်စု ခွဲခြားကျင်းပသွားမည်ဖြစ်ကာ အုပ်စုပထမနေရာရရှိသည့် အသင်းများအနေဖြင့် ခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။

၂၀၂၇ အာရှဖလားပြိုင်ပွဲအတွက် မဲခွဲမှုအပြီးတွင် အုပ်စု(A)၌ တာဂျစ်ကစ္စတန်အသင်း၊ ဖိလစ်ပိုင်အသင်း၊ မော်ဒိုက်အသင်းနှင့် တီမောလက်စ်တေအသင်း၊ အုပ်စု(B)တွင် လက်ဘနွန်အသင်း၊ ယီမင်အသင်း၊ ဘာရိန်းအသင်း ဘရူနိုင်းအသင်း၊ အုပ်စု(C)တွင် အိန္ဒိယအသင်း၊ ဟောင်ကောင်အသင်း၊ စင်ကာပူအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ အုပ်စု(D)တွင် ထိုင်းအသင်း၊ တာ့ခ်မင်နစ္စတန်အသင်း၊ တရုတ်(တိုင်ပေ)အသင်း၊ သီရိလင်္ကာအသင်း၊ အုပ်စု(E)တွင် မြန်မာအသင်း၊ ဆီးရီးယားအသင်း၊ အာဖဂန်နစ္စတန်အသင်းနှင့် ပါလက်စတိုင်းအသင်း၊ အုပ်စု(F)တွင် ဗီယက်နမ်အသင်း၊ မလေးရှားအသင်း၊ နီပေါအသင်းနှင့် လာအိုအသင်းတို့ တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေသည်။

၂၀၂၇ အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို လာမည့် ၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားသည့်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

လက်ရှိ မြန်မာအသင်းပါဝင်သည့်အုပ်စုတွင် မြန်မာအသင်းက ကမ္ဘာ့အဆင့်(၁၆၇)၊ ဆီးရီးယားအသင်းက ကမ္ဘာ့အဆင့်(၉၅)၊ အာဖဂန်နစ္စတန်အသင်းက ကမ္ဘာ့အဆင့်(၁၅၅) နှင့် ပါလက်စတိုင်းအသင်းက ကမ္ဘာ့အဆင့် (၁၉၈)နေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

**STA**

## အားကစားသတင်းအတိုအထွာများ

- လူငယ်တိုက်စစ်မှူး အန်းဒရစ်ကို ရီးရဲလ်မက်ဒရစ်အသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားစေလွှတ်ရန် ဆုံးဖြတ်ထားသော်လည်း ကစားသမားက အသင်းမှ ထွက်ခွာမည်မဟုတ်ဘဲ ပွဲထွက်ခွင့်အတွက် ဆက်လက်ယှဉ်ပြိုင်မည်ဟု ပြောကြားခဲ့သည်။
- တနင်္ဂနွေနေ့က ကစားခဲ့သည့် ဘရာဇီးအမှတ်ပေးပြိုင်ပွဲတွင် ဘိုတာဖိုဂိုအသင်းက ဆော်ပိုလိုအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် အမှတ်ပေးဆုဖလားရရှိခဲ့သဖြင့် ၁၉၉၅ ခုနှစ်နောက်ပိုင်း ပထမဆုံးဆုဖလား ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။
- ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်တွင် အာဆင်နယ်အသင်းက အနိုင်ဂိုး သွင်းယူခဲ့သော်လည်း VAR ဖြင့် ပယ်ပျက်ခံရသဖြင့် တစ်ဂိုးစီ သရေရလဒ်သာရရှိခဲ့သောကြောင့် အမှတ်ပေးဇယား အဆင့် (၃) သို့ရောက်ရှိခဲ့ပြီး ဆုဖလားမျှော်လင့်ချက် နည်းပါးလာခဲ့သည်။

**ML**

# Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်



**ရန်ကုန် ဒီဇင်ဘာ ၉**

Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စု(B) အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့ည ၇ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းအနေဖြင့် အိမ်ကွင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက ဟိန်းဖြိုးဝင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ လွင်မိုးအောင်၊ သီဟဇော်၊ မောင်မောင်လွင်၊ ဝေလင်းအောင်၊ အောင်ကောင်းမာန်၊ သီဟထက်အောင်၊ ဇော်ဝင်းသိန်းနှင့် ဇင်ညီညီအောင် အစရှိသည့် အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အိမ်ရှင်မြန်မာအသင်းက ဖိအားပေးကစားနိုင်ခဲ့ကာ အပိုင်ဂိုးသွင်းခွင့်အချို့ ရရှိခဲ့သော်လည်း ဂိုးဘားတန်း ထိခဲ့သည့်အတွက် နစ်နာခဲ့ရသကဲ့သို့ အင်ဒိုနီးရှားအသင်း၏ ထိုးဖောက်မှုများကလည်း ဂိုးရရှိရန်နီးစပ်ခဲ့သော်လည်း အဆုံးသတ်ပိုင်း လိုအပ်ချက်များကြောင့် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် တိုက်စစ်ဆင်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ မြန်မာအသင်းအနေဖြင့် ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပွဲချိန် ၇၆ မိနစ်တွင် ဘာဟာက အင်ဒိုနီးရှားအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စု(B) အခြားပွဲစဉ်တွင် ဗီယက်နမ်အသင်းက လာအိုအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# Open Angers Arena Loire တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အလိုင်စီယာပက်ခ် ဆွတ်ခူး

**အန်ဂါ ဒီဇင်ဘာ ၉**

ပြင်သစ်နိုင်ငံ အန်ဂါမြို့တွင် ကျင်းပခဲ့သည့် Open Angers Arena Loire တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဆွစ်ဇာလန် တင်းနစ်မယ် ဘီလင်ဒါဘန်ဆစ်နှင့် အမေရိကန်တင်းနစ်မယ် အလိုင်စီယာပက်ခ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အလိုင်စီယာပက်ခ်က (၇-၆၊ ၃-၆၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မီးဖွားထားသည့် အတွက် ကာလရှည် အနားယူခဲ့ရသည့် ဘီလင်ဒါဘန်ဆစ်သည် ပြိုင်ပွဲအတွင်း ပြန်လည်ဝင်ရောက်လာနိုင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံး သောဆုဖလားကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားခဲ့သော်လည်း ကာလရှည် အနားယူခဲ့ရသလို ကြံ့ခိုင်မှုပိုင်းက လိုအပ်ချက်များရှိနေသေးသည့်အတွက် ဗိုလ်လုပွဲအဆင့်တွင် ရှုံးနိမ့်ခဲ့ရသည်။

သို့သော်လည်း ဘီလင်ဒါဘန်ဆစ်သည် ဗိုလ်လုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ပြိုင်ဘက်ကစားသမား အလိုင်စီယာပက်ခ်ကို အကောင်းဆုံးဖိအားပေးနိုင်ခဲ့သလို ပွဲချိန်မှာလည်း ၂ နာရီ ၂၂ မိနစ်ထိ ကြာမြင့်ခဲ့သည်။

အလိုင်စီယာပက်ခ် အနေဖြင့် အတွေ့အကြုံအားဖြင့်သာမက စွမ်းဆောင်ရည်ပိုင်း တွင်လည်း လယ်ဗယ်ကွာဟနေသည့် ဘီလင်ဒါဘန်ဆစ်ကို အကောင်းဆုံးဖိအားပေးနိုင်ခဲ့ပြီး ယင်းပွဲစဉ်တွင် အလိုင်စီယာပက်ခ်သည် Ace ၁၄ ကြိမ်အထိ ရရှိခဲ့သည်။

အလိုင်စီယာပက်ခ်၏ လက်ရှိကမ္ဘာ့အဆင့် ရပ်တည်ချက်မှာ အဆင့် (၁၀၃) နေရာတွင် ရပ်တည်နေပြီး Open Angers Arena Loire တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ကမ္ဘာ့အဆင့် (၁၀၀) အတွင်း ဝင်ရောက်လာနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**




# တိုက်စစ်မှူး အန်တိုနီ တစ်နှစ်ကျော်အနားယူရမည်ဟု ဝက်စ်ဟမ်းအသင်းထုတ်ပြန်








**လန်ဒန် ဒီဇင်ဘာ ၉**

တိုက်စစ်မှူး အန်တိုနီသည် ပြီးခဲ့သည့် စနေနေ့ကဖြစ်ပွားခဲ့သည့် ကားမတော်တဆမှုအတွင်း ရရှိခဲ့သည့် ခြေထောက်ကျိုးဒဏ်ရာကြောင့် တစ်နှစ်ကျော် အနားယူရမည်ဟု ဝက်စ်ဟမ်းအသင်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး အန်တိုနီသည် အဆိုပါဖြစ်စဉ်တွင် အသက်အန္တရာယ် စိုးရိမ်ဖွယ်ရာမရှိခဲ့သော်လည်း ခြေထောက်ကျိုးဒဏ်ရာရရှိခဲ့ကာ ခွဲစိတ်ကုသမှု အောင်မြင်ခဲ့သည်။

သို့သော် ကစားသမားအနေဖြင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် တစ်နှစ်ကျော် အနားယူရမည်ဖြစ်သောကြောင့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီကို လွဲချော်မည်ဖြစ်ကြောင်း ဝက်စ်ဟမ်းအသင်းက အတည်ပြုပြောကြားခဲ့သည်။

အန်တိုနီသည် အမှတ်ပေးပြိုင်ပွဲတွင် ၁၁ ပွဲပါဝင်ခဲ့ရာ တစ်ဂိုးသာရရှိခဲ့သဖြင့် ယခုနှစ်ပြိုင်ပွဲတွင် ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရပြီး အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၁၅ မှတ်သာရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့် (၁၄)နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# လိုက်ပ်ဇစ်အသင်း နည်းပြရာထူးအတွက် တန်ဟတ်နှင့်အတူ ဂရာဟမ်ပေါ်တာတို့ ထိပ်ဆုံးမှရေပန်းစားနေ

**ဘာလင် ဒီဇင်ဘာ ၉**

လိုက်ပ်ဇစ်အသင်းက ရလဒ်ပိုင်း မတည်ငြိမ်မှုများကြောင့် နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန်အတွက် ကြိုးပမ်းနေပြီး နည်းပြသစ်အဖြစ် ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် နည်းပြတန်ဟတ်နှင့်အတူ ချဲလ်ဆီးအသင်းနည်းပြဟောင်း ဂရာဟမ်ပေါ်တာတို့က ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

လိုက်ပ်ဇစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြ မားကို့စ်ရို့စ်၏လက်အောက်တွင် ရလဒ်များ မတည်မငြိမ်ဖြစ်နေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ငါးပွဲကစားအပြီးတွင် ငါးပွဲစလုံး ရှုံးနိမ့်ထားကာ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင်လည်း နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် တစ်ပွဲသာ အနိုင်ရရှိခဲ့ပြီး တစ်ပွဲသရေရလဒ်နှင့် သုံးပွဲထိ ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများက နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အစောပိုင်းက လိုက်ပ်ဇစ်အသင်းနည်းပြသစ်အဖြစ် မန်ယူအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် နည်းပြတန်ဟတ်နှင့် ချိတ်ဆက်မှုများ လုပ်ဆောင်လျက်ရှိနေသော်လည်း လက်ရှိတွင် ချဲလ်ဆီးအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် ဂရာဟမ်ပေါ်တာကိုပါ ချိတ်ဆက်လျက်ရှိနေသည်။

နည်းပြဂရာဟမ်ပေါ်တာသည် အစောပိုင်းက အင်္ဂလန်အသင်းနှင့် မန်ယူအသင်း နည်းပြရာထူးတို့အတွက် သတင်းများ ထွက်ပေါ်ခဲ့သော်လည်း အင်္ဂလန်အသင်းက နည်းပြသစ်အဖြစ်တူချယ်ကိုခန့်အပ်ခဲ့သကဲ့သို့ မန်ယူအသင်းကလည်း နည်းပြအာမိုရင်ကို ခန့်အပ်ခဲ့သည့်အတွက် ဂရာဟမ်ပေါ်တာအနေဖြင့် လက်ရှိအချိန်ထိကလပ်အသင်း လက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

အလားတူ နည်းပြတန်ဟတ်သည်လည်း အစောပိုင်းက ရိုးမားအသင်းနှင့်အသင်းဟောင်းအေဂျက်အသင်းတို့နှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း ပြောင်းရွှေ့နိုင်ခြင်းမရှိခဲ့ဘဲ ကလပ်အသင်း လက်မဲ့ ဖြစ်နေဆဲဖြစ်သောကြောင့် လိုက်ပ်ဇစ်အသင်း နည်းပြရာထူးအတွက် နည်းပြတန်ဟတ်နှင့် ဂရာဟမ်ပေါ်တာတို့က ရေပန်းစားနေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# မန်ယူကစားသမားဟောင်း နာနီ ကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်

**လစ္စဘွန်း ဒီဇင်ဘာ ၉**

ပေါ်တူဂီကလပ် အာမက်ဒိုရာအသင်းတွင်ကစားနေသည့် မန်ယူအသင်း ကစားသမားဟောင်း နာနီသည် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၃၈ နှစ်ရှိသည့် ကစားသမားသည် အာမက်ဒိုရာအသင်းကို ယခုနှစ်ဘောလုံးရာသီမှ ရောက်ရှိခဲ့ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ၁၀ ပွဲတွင် သွင်းဂိုး တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီးနောက် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့သည်။

နာနီသည် စပို့တင်းအသင်းနှင့် ကစားသမားဘဝ စတင်ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၃၆ ပွဲတွင် သွင်းဂိုး ၃၁ ဂိုး သွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၀၇ ခုနှစ်တွင် မန်ယူအသင်းသို့ စတာလင်ပေါင် ၂၁ သန်း ဖြင့် ရောက်ရှိခဲ့ပြီး အသင်းနှင့် ဘောလုံးရာသီ ရှစ်ရာသီကစားခဲ့ရာတွင် ချန်ပီယံလိဂ်ဖလား၊ ပရီးမီးယားလိဂ်ဖလားနှင့် ပြည်တွင်းဖလားများ ဆွတ်ခူးခဲ့သည်။

ထို့နောက် တူကီယဲကလပ် ဖီနာဘာချီအသင်း၌ ၄၇ ပွဲတွင် သွင်းဂိုး ၁၀ ဂိုး၊ ဗလင်စီယာအသင်း၌ ၂၆ ပွဲတွင် သွင်းဂိုးငါးဂိုး၊ လာဇီယိုအသင်း၌ ၂၅ ပွဲတွင် သွင်းဂိုး သုံးဂိုး ၊ မေဂျာလိဂ်ကလပ် အော်လန်ဒိုစီးတီးအသင်း၌ ၈၈ ပွဲတွင် ၃၁ ဂိုးနှင့် ဗီနီဇီယာ၊ မဲလ်ဘုန်း၊ ဒီမီယာစပေါ်၊ အာမက်ဒိုရာအသင်းတို့တွင် ဆက်လက်ကစားခဲ့ပြီး စုစုပေါင်း သွင်းဂိုး ၁၂၈ ဂိုး သွင်းယူနိုင်ခဲ့သည်။

ထို့ပြင် ပေါ်တူဂီအသင်းနှင့်လည်း ၁၁၂ ပွဲတွင် ၂၄ ဂိုး သွင်းယူနိုင်ခဲ့ပြီး ၂၀၁၆ ယူရိုဖလား ရရှိခဲ့ကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**

# အလွန်မွန်မြတ်သောတာဝန်ကို ထမ်းဆောင်ကြသူများ

ဘုန်းမောင်ဝင်း(ဖျာပုံ)

မျိုးချစ်စိတ်ရှိသည့် နိုင်ငံသားတိုင်း ဂုဏ်ယူဝင့်ကြွားစွာ ပြည်သူ့စစ်မှုထမ်းကြသည်။ ရှိသေခံ့ညားလောက်သည့် ကာကွယ်ရေးစွမ်းအားနှင့် နိုင်ငံတော်ကို ကာကွယ်နိုင်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေတွင် နိုင်ငံသားအားလုံး ပါဝင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် တည်ငြိမ်အေးချမ်းမှုကို နိုင်ငံသားအားလုံးပါဝင်တည်ဆောက်ကြရမည်။ ပြည်သူများ လိုလားသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကာကွယ်ရန်၊ သူတစ်လူငါတစ်မင်း၊ နယ်တစ်နယ်ခေါ်တစ်စင်း အကျင့်ဆိုးများကို တိုက်ဖျက်ရန် ပြည်သူအားလုံး ပြည်သူ့စစ်မှုထမ်းဥပဒေကိုအားပေးထောက်ခံဝိုင်းဝန်းကူညီပံ့ပိုးကြရမည်ဖြစ်သည်။ ဤအချက်အလက်များနှင့် ပတ်သက်၍ ရုပ်မြင်သံကြားများက နေ့စဉ် ထုတ်လွှင့်အသိပေးလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံးက နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းတာဝန်ကိုထမ်းဆောင်ကြရမည်ဟူသော အသိတရားရှိနေကြရမည်ဖြစ်သည်။ အဆိုပါ အသိတရားမှာ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှမဟုတ်ဘဲ မိမိတို့ကိုယ်တိုင် ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ဤမြေ၊ ဤရေ၊ ဤလေကို ကာကွယ်ရမည့် အသိတရားဖြစ်သည်။ မိမိပိုင်ပစ္စည်းတစ်ခုခုကို သူတစ်ပါးက လာရောက်လုယက်ခြင်းမျိုးကို မည်သူကမျှ ကြည်ဖြူကျေနပ်လက်ခံမည် မဟုတ်သကဲ့သို့ မိမိနိုင်ငံ၏ ပိုင်နက်နယ်မြေအစိတ်အပိုင်းတစ်ခုခုကို ကျူးကျော်ရန်စခြင်းမျိုးကို လက်ခံနိုင်မည်မဟုတ်ပါ။ ဤသည်မှာ မွေးရာပါတာဝန်၊ မွေးရာပါ အသိတရားဖြစ်သည်။

တပ်မတော်ဆိုသည်မှာ နိုင်ငံအတွက် လုံးဝမရှိမဖြစ်သော အဖွဲ့အစည်းဖြစ်သည်။ ထိုအဖွဲ့အစည်းတစ်ရပ် ခိုင်မာစွာ ရပ်တည်နေနိုင်ခြင်းကြောင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ တပ်မတော်အင်အားကြီးမားလေလေ နိုင်ငံတော်ကို ပိုမိုကာကွယ်နိုင်လေလေ ဖြစ်သည်။ တပ်မတော်ကို အင်အားကြီးမားအောင် ဝိုင်းဝန်းကူညီပံ့ပိုးပေးရမည်မှာ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူတစ်ရပ်လုံး၏ တာဝန်ဖြစ်သည်။ အရွယ်ရောက်သူမှန်သမျှ နိုင်ငံအတွက် စစ်မှုမထမ်းမနေရ အကောင်အထည်ဖော်ရန် စတင်ပြောကြားခဲ့သူမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်ကို ကြိုတင်တွေးခေါ်မှုဖြင့် တပ်မတော်အင်အားရှိအောင် စဉ်ဆက်မပြတ် လုပ်ဆောင်နေရမည်မှာ ယနေ့ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

တပ်မတော်သို့ ဝင်ရောက်စစ်မှုထမ်းနေကြသည့် တပ်မတော်သားများမှာ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မပါဘဲ မိမိတို့ ဆန္ဒအလျောက် ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြခြင်းဖြစ်သည်။ ပင်ပန်းဆင်းရဲခြင်း၊ အခက်အခဲပေါင်းများစွာ ကြုံတွေ့နိုင်ခြင်းများ ရှိမှန်းသိလျက်နှင့် တပ်မတော်သို့ ဝင်ရောက်လာကြခြင်းမှာ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုး၍ ဖြစ်သည်။ ကမ္ဘာမှာ မြန်မာဟော့ ကြွေးကြော်နိုင်ရေးအတွက် စွန့်လွှတ်စွန့်စား အနစ်နာခံလိုစိတ်ဖြင့် စစ်မှုထမ်းနေကြသူများ ဖြစ်သည်။ မြန်မာနိုင်ငံတွင် တပ်မတော်တစ်ရပ် ကျစ်လျစ်ခိုင်မာစွာ ရပ်တည်နေခြင်းကို ပြည်တွင်း၊ ပြည်ပအဖျက်သမားများက လုံးဝလိုလားခြင်းမရှိပေ။ ပြည်ပက သွေးထိုးလှုံ့ဆော်နှောင့်ယှက်နေသည်မှာ ခိုင်မာသည့် တပ်မတော်တစ်ရပ် ပျက်စီးရေးပင်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံပျက်စီးရေး၊ တပ်မတော် အင်အားလျော့နည်းရေးကို အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ ၎င်းတို့ကို အားပေးအားမြှောက်ပြုနေသည့် အချို့သောနိုင်ငံများ၊ လက်ဝေခံသတင်းမီဒီယာများက သတင်းအမှားများ၊ ကောလာဟလများကို အချိန်နှင့်အမျှ နေ့စဉ် ထုတ်လွှင့်လျက်ရှိသည်။ အဖျက်သမားတို့က မည်သို့ပင် ထုတ်လွှင့်နေစေကာမူ အမှန်တရားကို လိုလားသည့် ဓမ္မဘက်တော်သားပြည်သူများ၊ လူငယ်မောင်မယ်များက မိမိနိုင်ငံကို မိမိတို့ ကာကွယ်ရန် ဆန္ဒရှိကြသူများသာဖြစ်သည်။ ထိုသို့သော အခြေအနေတွင် ပြည်သူ့စစ်မှုထမ်းဥပဒေပေါ်ထွန်းလာသည့်အခါ လူငယ်များ၏အစွမ်းအစကို ပြသရန် အခွင့်အရေး ဖြစ်လာသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ၎င်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)သို့ပင် ရောက်ရှိပြီဖြစ်သည်။ အချို့သော လူငယ်များဆိုလျှင် ပြည်သူ့စစ်မှုထမ်း သင်တန်းစာရင်းပေးထားသော်လည်း မိမိတို့အလှည့်သို့ရောက်ရှိရန် စောင့်ဆိုင်းနေခဲ့ရကြောင်း ၎င်းတို့၏ စကားသံများတွင် ကြားလိုက်ရသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်နေသည့်အတွက် သင်တန်းကို အောင်မြင်ပြီးမြောက်သူများလည်း များပြားလာပြီဖြစ်သည်။ နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်ခွင့်ရရှိခြင်းသည် အလွန်မွန်မြတ်သော တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်သည်။

စစ်မှုထမ်းဆောင်ရန်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံနေမှသာ စစ်မှုထမ်းခွင့်ရရှိခြင်းဖြစ်သည်။ ကိုယ်ခန္ဓာခြေလက်အင်္ဂါပြည့်စုံရမည့်အပြင် ကျန်းမာရေးအရ ဆေးအဆင့်(က)တွင် ရှိနေရမည်ဖြစ်သည်။ မိမိတို့ ခန္ဓာကိုယ်တွင် ရောဂါတစ်ခုခုစွဲကပ်နေပါကလည်း စစ်မှုထမ်းခွင့်ရနိုင်မည် မဟုတ်ပေ။ ယောကျ်ားတိုင်း တပ်မတော်သားအဖြစ်သို့ရရှိခြင်း မဟုတ်သည့်အတွက် တပ်မတော်သားဆိုသည်မှာ ယောကျ်ားစင်စစ်ကေန် ဖြစ်သူများဟု တင်စားကြသည်။ တပ်မတော်သားများနှင့်ပတ်သက်၍ အစဉ်အဆက် မရိုးနိုင်သော စကားရပ်တစ်ခုရှိသည်။

ဤသည်ကို စစ်သည်တော်ဟောင်းတစ်ဦးက မိန့်ဆိုခဲ့ခြင်းဖြစ်သည်ဟု စစ်သည်တော်ကျင့်ဝတ်စာအုပ်တွင် ဖော်ပြထားသည်။ ''ငါ့သားများ စစ်ထဲဝင်ရင်လေ သူ့ကို ပြောလိုက်စမ်းပါကွာ၊ စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင် တကယ့် ယောကျ်ားမြတ်ဖြစ်စေနိုင်တဲ့ တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးပေါ့'' ဟု ဆိုထားသည်။ ဤမိန့်ဆိုချက်မှာ ရာခိုင်နှုန်းပြည့် အမှန်တရားဖြစ်ကြောင်း တပ်မတော်သားတိုင်း လက်ခံကြသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ရန် သင်တန်းကျောင်းများသို့ ရောက်ရှိချိန်မှစ၍ သင်တန်း ပြီးမြောက်သည်ထိ စနစ်တကျ လေ့လာမှတ်သားလိုက်နာပြုမူကျင့်ကြံမည်ဆိုလျှင် တကယ့်ယောကျ်ားမြတ်များဖြစ်သွားပေမည်။

တပ်မတော်သားတစ်ဦးအတွက် ''ရှေ့ကြည့်၊ သတိ၊ သက်သာ၊ အေးစေ'' ဟူသောအမိန့်ကို စတင်နာခံကာ အခြေခံစစ်ရေးပြ ဘာသာရပ်များကို သင်ယူကြသည်မှစ၍ ယောကျ်ားမြတ်ဖြစ်စေနိုင်တဲ့ သင်ခန်းစာများကို ပို့ချပေးသည်။ အချိန်မှန် စား၊ အချိန်မှန် သွား၊ အချိန်မှန် အိပ်ကာ၊ အချိန်မှန် အိပ်ရာထရခြင်းသည်ပင် စည်းကမ်းစနစ်ကျနခြင်းဖြစ်သည်။ ထူးထူးခြားခြား ထင်ရှားစွာ ဖြစ်ပေါ်လာသည်မှာ ရဲဘော်စိတ်ဖြစ်သည်။ လူငယ်များမှာ တစ်ယောက်တစ်နယ်စီမှ လာရောက်ပြီး သင်တန်းကျောင်းတွင် ဆုံတွေ့ကြခြင်းဖြစ်သည်။ သင်တန်းကာလအတွင်း လွန်စွာရင်းနှီးသည့် မိတ်ဆွေရင်းစိတ်ဓာတ်၊ ညီအစ်ကိုစိတ်ဓာတ်များဖြစ်သွားကြသည်။

နိုင်ငံအတွက် အသက်ပင် ပေးဆပ်ရန် ဝန်မလေးဘဲ တာဝန်ထမ်းဆောင်ကြရသူများအတွက် ရဲဘော်စိတ်ထားရှိသွားကြသည်။ ''ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်၏'' ဟု ဆိုထားသည့်အတိုင်း မေတ္တာ၊ သံယောဇဉ်နှင့် သစ္စာစောင့်သိမှုတို့မှာ စစ်သည်တိုင်း၏ ရင်ထဲတွင် ရောက်ရှိလာသည့် စိတ်ဓာတ်ဖြစ်သည်။ ယခင်က သာမန်အရပ်သားဘဝတွင် မိမိနိုင်ငံ၊ မိမိတို့ ကာကွယ်ရမည်ဟူသော အသိရှိချင်မှရှိမည် ဖြစ်သော်လည်း ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြရသည့်အခါ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် လူငယ်များ၏ အဓိကကျလှသည့် တာဝန်အဖြစ် သိရှိလာကြပြီဖြစ်သည်။

ကာကွယ်ရေးစွမ်းအားမြင့်မားနေသော နိုင်ငံများနှင့် ကာကွယ်ရေးစွမ်းအားနိမ့်ပါးနေသော နိုင်ငံများ၏ အခြေအနေ၊ ရပ်တည်မှု ကွဲပြားခြင်းကို သိရှိလာကြမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် တည်နေရာ ပထဝီဝင်အနေအထားအရ ကာကွယ်ရေးအင်အားကို စဉ်ဆက်မပြတ် တည်ဆောက်ထားရမည့် နိုင်ငံဖြစ်သည်။ ရှိသေခံ့ညားသည့် ကာကွယ်ရေးအင်အားရှိနေရမည်ဖြစ်သည်။ နိုဝင်ဘာ ၂၆ ရက်က ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပခဲ့သည်။ ဤမြင်ကွင်းများမှာ နိုင်ငံအတွက် တန်ဖိုးရှိသည့် မြင်ကွင်းများဖြစ်သည်။ လူငယ်များစစ်မှုထမ်းခြင်းသည် မည်သူတစ်ဦးတစ်ယောက်အတွက်မှမဟုတ်။ နိုင်ငံတော်အတွက်သာဖြစ်သည်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အဖျက်သမားများ ကင်းစင်ရမည်ဖြစ်သည်။ အကြမ်းဖက်အဖျက်သမားတို့သည် နိုင်ငံတော်နှင့် ပြည်သူများ၏ ကောင်းရာကောင်းကျိုးကို အနည်းငယ်မျှ လုပ်ဆောင်ပေးခြင်းမရှိသော်လည်း အဖျက်လုပ်ရပ်များကမူ ထောင်သောင်းသိန်းသန်းမက များလှသည်။ ပြည်သူ့စစ်မှုထမ်းမည့် လူငယ်တစ်ဦး၏ စကားသံတွင် ''ကိုယ့်နိုင်ငံ ကာကွယ်ရတာ ဂုဏ်ယူရတဲ့ ကိစ္စတစ်ရပ်ပါ။ ကျွန်တော်က အကြမ်းဖက်မှုတွေကို မလိုလားပါဘူး။ ဒါကြောင့် အကြမ်းဖက်မှုတွေကို တိုက်ဖျက်ဖို့အတွက် ဒီသင်တန်းကို ကြိုးစားသင်ယူသွားမှာပါ'' ဟု ပြောခဲ့သည်။ အခြားတစ်ဦးကလည်း '' ကျွန်တော်တို့က နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ လုပ်ရမဲ့အရာကို လုပ်ကိုလုပ်ရမှာပါ။ မြန်မာနိုင်ငံတော်အတွက် အထောက်အကူဖြစ်စေမဲ့ နိုင်ငံ့သားကောင်းတစ်ယောက်အဖြစ်နဲ့ ကျွန်တော်အကောင်းဆုံးထမ်းဆောင်သွားမှာပါ'' ဟု ပြောခဲ့သည်။

သာမန်အားဖြင့် ပြည်သူ့စစ်မှုထမ်းသတ်မှတ်ကာလသည်နှစ်နှစ်မျှသာဖြစ်သည်။ ထိုအချိန်ကာလသည် တိုတောင်းလှသည့် ကာလဖြစ်သည်။ သို့သော် ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ပြီးသူများ များပြားနေလျှင် များပြားသလောက် နိုင်ငံအတွက် အကျိုးရှိနေမည်ဖြစ်သည်။ တစ်နိုင်ငံလုံးရှိ လူငယ်အားလုံး ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ထားပါက မိမိတို့နေထိုင်သည့် နိုင်ငံတော်အနာဂတ် ကာကွယ်ရေးအင်အားသည် ခိုင်မာသည်ထက် ခိုင်မာကာ တောင့်တင်းသည်ထက် တောင့်တင်းနေမည်ဖြစ်သည်။ သားစဉ်မြေးဆက်၊ ပြောထုံးဖြစ်အောင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြရမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြသူအပေါင်းကိုလည်း ပြည်သူများက ကြိုဆိုလျက်ရှိသည်။ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းဖွင့်ပွဲများ၊ သင်တန်းဆင်းပွဲများကို တွေ့မြင်ရသည်မှာ နိုင်ငံအတွက် တကယ့်ကို အားရဝမ်းသာဖွယ်ကောင်းလှပါကြောင်း ဂုဏ်ယူစွာ ရေးသားလိုက်ရပေသည်။

❖ ''ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်၏'' ဟု ဆိုထားသည့်အတိုင်း မေတ္တာ၊ သံယောဇဉ်နှင့် သစ္စာစောင့်သိမှုတို့မှာ စစ်သည်တိုင်း၏ရင်ထဲတွင် ရောက်ရှိလာသည့် စိတ်ဓာတ်ဖြစ်သည်။ ယခင်က သာမန်အရပ်သားဘဝတွင် မိမိနိုင်ငံ၊ မိမိတို့ ကာကွယ်ရမည်ဟူသော အသိရှိချင်မှရှိမည် ဖြစ်သော်လည်း ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြရသည့်အခါ နိုင်ငံတော် ကာကွယ်ရေးတာဝန်သည် လူငယ်များ၏ အဓိကကျလှသည့် တာဝန်အဖြစ် သိရှိလာကြပြီဖြစ်သည်။ ❖

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယကြည်းတပ်က Nagastra-1 တိုက်ခိုက်ရေးဒရုန်းများကို ပြည်တွင်းကုမ္ပဏီမှ လက်ခံရရှိ



အိန္ဒိယကြည်းတပ်သည် ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သော Solar Industries ထံမှ တိုက်ခိုက်ရေးဒရုန်းအစင်းရေ ၄၈၀ ဝယ်ယူခဲ့ရာ ဝယ်ယူရေးသဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီးနောက် တစ်နှစ်ကျော်အကြာတွင် အဆိုပါ Nagastra-1 Loitering Munitions တိုက်ခိုက်ရေးဒရုန်းအားလုံး လက်ခံရရှိခဲ့ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Solar Industries ကုမ္ပဏီ လက်အောက်ရှိ Economic Explosives ကုမ္ပဏီခွဲသည် ၂၀၂၃ ခုနှစ် ဧပြီလတွင် ပိုလန်နှင့် အစ္စရေးနိုင်ငံ ကုမ္ပဏီများကို အနိုင်ယူကာ အိန္ဒိယရှုပီး ၂ ဒသမ ၁၂ ဘီလီယံ ဝယ်ယူရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ စမ်းသပ်မှုများ၊ လွှဲပြောင်းပေးပို့ခြင်း မပြုမီ စစ်ဆေးအကဲဖြတ်ခြင်း၊ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ ဆက်တိုက်ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ယခုနှစ် အစောပိုင်းက ပထမအသုတ်အနေဖြင့် တိုက်ခိုက်ရေးဒရုန်း အစင်းရေ ၁၂၀ ကိုလည်းကောင်း၊ ဒုတိယအသုတ်အနေဖြင့် တိုက်ခိုက်ရေးဒရုန်းအစင်းရေ ၃၆၀ ကိုလည်းကောင်း အိန္ဒိယကြည်းတပ်ထံ လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးသုတေသနဌာနက ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် လျှပ်စစ်စွမ်းအင်သုံး Loitering Munition တိုက်ခိုက်ရေးဒရုန်းများကို သောင်းကျန်းသူနှိမ်နင်းရေးနှင့် မြို့ပြပဋိပက္ခများအပါအဝင် ခြေလျင်တပ်ရင်း၊ တပ်ဖွဲ့များအတွက် နည်းဗျူဟာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ရန်ရည်ရွယ်၍ ထုတ်လုပ်ထားခြင်းလည်းဖြစ်သည်။ Nagastra-1 တိုက်ခိုက်ရေးဒရုန်းကို အဆင့်မြှင့်တင်ပြီး Nagastra-2 ၊ Nagastra-3 ဗားရှင်းနှင့် တိုက်ပွဲဝင်စွမ်းဆောင်ရည် Payload တင်ဆောင်နိုင်စွမ်းများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

တစ်ကိုယ်ရည် အလွယ်တကူသယ်ဆောင်နိုင်သော တိကျစွာတိုက်ခိုက်နိုင်သည့် အဆိုပါတိုက်ခိုက်ရေးဒရုန်း Nagastra-1ကို ပြည်တွင်းစက်ပစ္စည်းကိရိယာ ၇၅ ရာခိုင်နှုန်းကျော် အသုံးပြု၍ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ၎င်းသည် အလေးချိန် ကီလိုဂရမ် ၃၀ ရှိပြီး တစ်ကီလိုဂရမ်ထိ ပြန့်ကျဲပေါက်ကွဲ တိုက်ခိုက်နိုင်သော ထိပ်ဖူးတပ်ဆင်အသုံးပြုထားသည်။ GPS လမ်းညွှန်မှုစနစ် အသုံးပြုထားသည့်အတွက် အဆိုပါတိုက်ခိုက်ရေးဒရုန်းသည် အကွာအဝေး နှစ်မီတာအတွင်း တိကျမှုရှိပြီး လေထဲတွင် မိနစ် ၆၀ ကြာ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ စစ်ရေးပစ်မှတ်များကို ဘေးထွက်ဆိုးကျိုး အနည်းဆုံးဖြင့် တိုက်ခိုက်ရန်အတွက် အကောင်းဆုံးဒီဇိုင်းထုတ်ထားခြင်းလည်းဖြစ်သည်။

ထို့ပြင် Nagastra-1 တိုက်ခိုက်ရေးဒရုန်းတွင် အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းခြင်းနှင့် ပစ်မှတ်ဖော်ထုတ်ခြင်းတို့အတွက် နေ့၊ ည ကင်မရာပါရှိပြီး လမ်းခုလတ်တွင် မစ်ရှင်ပယ်ဖျက်၍ ပြန်လည်ခေါ်ဆောင်ရန်အတွက် လေထီးတပ်ဆင်ပေးထားသည်။ အဝေးထိန်းစနစ်ဖြင့် ပျံသန်းစစ်ဆင်ပါက အကွာအဝေး ၁၅ ကီလိုမီတာနှင့် အလိုအလျောက် ပျံသန်းတိုက်ပွဲဝင်နိုင်မှုများတွင် အကွာအဝေး ကီလိုမီတာ ၃၀ ထိရှိကြောင်း သိရသည်။

**Indian Army Receives Entire Lot of Indigenous Loitering Munitions ကို ဘာသာပြန်ဆိုထားပါသည်။**

## Lockheed Martin ကုမ္ပဏီက အဆင့်မြှင့်တင်ထားသော JASSM XR တာဝေးပစ်ခရုဇ်ဒုံးကျည်အသစ်ကို ထုတ်ဖော်ပြသ

အမေရိကန်ကုမ္ပဏီ Lockheed Martin သည် Joint Air-to-Surface Standoff Missile (JASSM) အုပ်စုဝင် နောက်ဆုံးအဆင့်မြှင့်တင်ထားသော အကွာအဝေး စွမ်းဆောင်ရည် မြင့်မားကောင်းမွန်သည့် AGM-158 JASSM XR (eXtreme Range) တာဝေးပစ် ခရုဇ်ဒုံးကျည်အသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

JASSM-XR တာဝေးပစ်ခရုဇ်ဒုံးကျည်သည် အဆင့်မြင့် ဝင်လမ်းပိတ်ဆို့ခြင်းနှင့် ဧရိယာအတွင်း ဝင်ရောက်မှုငြင်းဆိုခြင်း (A2/AD)ဆိုင်ရာစနစ်များ တိုးတက်လာလျက်ရှိသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ JASSM-XR တာဝေးပစ်ခရုဇ်ဒုံးကျည်သည် အရေးကြီး အခြေခံအဆောက်အအုံများ၊ စစ်အခြေစိုက်စခန်းများနှင့် ကီလိုမီတာ ၁၈၅၀ ကျော်မှဒုံးကျည်ပစ်လွှတ်မှုနေရာများကို တိုက်ခိုက်ဖျက်ဆီးနိုင်သည်။ ၎င်းသည် အမေရိကန်ထုတ် တိုက်ခိုက်ရေးလက်နက်များကို တရုတ်နှင့်ရုရှားထုတ် ခေတ်မီဆန်းပြားသော ကာကွယ်ရေးကွန်ရက်များ လက်လှမ်းမမီသည့်နေရာမှ တိုက်ပွဲဝင်လုပ်ဆောင်နိုင်စေကာ စစ်ဆင်ရေးနယ်မြေအတွင်း တိကျစွာလမ်းညွှန်ထားသော Payloads များဖြင့် တိုက်ပွဲဝင်နေစဉ် နောက်ပိုင်းအချက်အချာနေရာများကို ကာကွယ်စောင့်ရှောက်ရန် အာမခံချက် ရှိစေမည်ဖြစ်သည်။

JASSM XR တာဝေးပစ်ခရုဇ်ဒုံးကျည်သည် ကီလိုမီတာ ၁၈၅၀ ကျော် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ထိုသို့သော အဆင့်မြှင့်တင်မှုများကြောင့် ဒုံးကျည်များသည် အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးများကိုကျော်လွှား၍ ရန်သူ့နယ်မြေအတွင်း အရေးကြီးပစ်မှတ်များကို နက်ရှိုင်းစွာတိုက်ခိုက်နိုင်သည်။ ဒုံးကျည်သည် ရန်သူများအသုံးပြုသော ခေတ်မီဆန်းပြားသည့် ရေဒါစနစ်များဖြင့် ထောက်လှမ်းနိုင်ခြင်းမရှိဘဲ ရေဒါဖြတ်ပိုင်းဧရိယာကို လျှော့ချနိုင်ကာ ကိုယ်ပျောက်ဒီဇိုင်းပုံစံမျိုး ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အလေးချိန် ပေါင် ၁၀၀၀ ရှိ ဖောက်ခွဲရေးထိပ်ဖူးတပ် XR ဒုံးကျည်ဗားရှင်းသည် အမိန့်ပေးဌာနချုပ်၊ ကတုတ်ကျင်းများ၊ လေတပ်စခန်းများနှင့် အရေးကြီးအခြေခံအဆောက်အအုံများကဲ့သို့သော အခိုင်အမာ ကာကွယ်ထားသော ပစ်မှတ်များကို တိကျစွာ တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိသည်။ ၎င်း၏အဆင့်မြင့် GPS/INS လမ်းညွှန်ထိန်းကျောင်းမှုနှင့် Onboard အာရုံခံကိရိယာများသည် တိုက်ပွဲဝင်ထိရောက်မှု၊ တိကျမှု ပိုမိုတိုးတက်ကောင်းမွန်စေပြီး ရည်မှန်းချက်တာဝန်များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စွမ်းရှိမည်ဖြစ်သည်။

JASSM XR တာဝေးပစ်ခရုဇ်ဒုံးကျည်သည် ဘက်တူပြိုင်ဘက် ရန်သူများအပေါ် မဟာဗျူဟာမြောက် အားသာချက်ဖြင့် လွှမ်းမိုးထားနိုင်ရန်အတွက် အမေရိကန်နိုင်ငံမှ အာရုံစိုက်လုပ်ဆောင်ထားခြင်းဖြစ်သည်။ အခိုင်အမာကာကွယ်ရေးဇုန်များအတွင်း တန်ဖိုးကြီးပစ်မှတ်များကို နက်ရှိုင်းစွာ ထိုးဖောက်တိုက်ခိုက်နိုင်စွမ်းသည် ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် ယုံကြည်စိတ်ချရမှု မြင့်မားကောင်းမွန်သော အဟန့်အတားစွမ်းရည်ကို ပိုင်ဆိုင်ထားနိုင်ခြင်းဖြစ်သည်။ တာဝေးပစ်တိကျစွာတိုက်ပွဲဝင်နိုင်စွမ်း မရှိမဖြစ်လိုအပ်နေသည့်ခေတ်တွင် JASSM XR ခရုဇ်ဒုံးကျည်သည် အမေရိကန်နှင့် မဟာမိတ်များအတွက် ကမ္ဘာတစ်ဝန်း ပေါ်ပေါက်လာသောခြိမ်းခြောက်မှုများကို ထိရောက်စွာတန်ပြန်နိုင်စွမ်းရှိကြောင်းနှင့် စွမ်းအားများဖြန့်ကြက်နိုင်စေရန် အာမခံချက်ပေးနိုင်မည်ဖြစ်သည်။

ဤဖွံ့ဖြိုးတိုးတက်မှုသည် JASSM ဒုံးကျည်အုပ်စုဝင် ဒုံးကျည်များအနေဖြင့် တိုက်ပွဲဝင်သက်သေပြထားနိုင်မှုများကြားတွင် ခေတ်မီစစ်ပွဲများ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်မည့် နောက်ဆုံးပေါ်ဖြေရှင်းချက်များ ပေးအပ်ရန် Lockheed Martin ကုမ္ပဏီ၏ ကတိကဝတ်ကို အလေးပေးဖော်ပြလျက်ရှိသည်။ JASSM XR ခရုဇ်ဒုံးကျည်သည် တိကျပဲ့ထိန်းတိုက်ခိုက်ရေးနည်းပညာများတွင် အရေးကြီးသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး အနာဂတ်ပဋိပက္ခများတွင် ၎င်း၏အခန်းကဏ္ဍကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း သိရသည်။

**Exclusive: New US JASSM XR Cruise Missile Enhances Long-Range Strikes Against China and Russia's Air Defenses ကို ဘာသာပြန်ဆိုထားပါသည်။**



**မင်းမျိုး**

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers speech at the ceremony to mark International Anti-Corruption Day



Senior General Min Aung Hlaing delivers speech at the ceremony to mark International Anti-Corruption Day.

**Nay Pyi Taw December 9**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech at the ceremony to mark the International Anti-Corruption Day at the Myanmar International Convention Centre I in Nay Pyi Taw this morning.

Also present at the ceremony were SAC Joint Secretary General Ye Win Oo, council members, union-level dignitaries, union ministers, the Nay Pyi Taw Council Chairman, senior Tatmadaw officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers and officials of Anti-Corruption Commission, winners in the poster, video and article contests to mark the anti-corruption activities, students and guests together with chief ministers of regions and states through a video conferencing.

First, the Senior General pressed the button to unveiled the signboard to mark the commemorative day.

Speaking on the occasion, the Senior General said that the 9 December was designated as International Anti-Corruption Day in 2003 in order to enhance awareness about anti-corruption activities regarding the United Nations Convention on the Elimination of All Forms of Racial Discrimination (CERD). Since 2003, countries around the world have been commemorating this day annually.

The theme for this year's International Anti-Corruption Day is "Uniting with Youth against Corruption: Shaping Tomorrow's Integrity." This slogan aligns with the efforts of Myanmar's Anti-Corruption Commission, which has been implementing a youth education and awareness programme on anti-corruption since 2022, including talk shows, discussions, and collaborations in the field of education. It reflects the commission's ongoing commitment to fighting corruption and its long-term goals in shaping a future of integrity.

Corruption, driven by malice, transforms human society into a world of suffering and destruction, undermining the well-being of socioeconomic environments. It leads to the disappearance of justice and harms both the State and the general public. Furthermore, corruption not only disrupts the country's development goals but also endangers the rule of law and the maintenance of peace and stability. In practice, it is universally acknowledged that this perspective holds true.

The issue of corruption is not only a serious problem in Myanmar, but it is also a widespread disease around the world. It has become a problem that affects not only the governments of developed and developing countries, but also some private sectors and charitable organizations that engage in non-profitable activities, which are also becoming entangled in corruption.

The term "corruption" is often simply associated with bribery and corruption, but in reality, it is a widespread and deeply harmful phenomenon in the human world. It includes extortion, deceit, the embezzlement of State funds and resources, the misuse of public money for personal gain, and obtaining self-interest through illegal means. These are all forms of corruption. Corruption leads to committing crimes, encourages violent attacks, and undermines the rule of law and democratic systems. As a result, it has become a global issue, a serious disease.

The government would like to state that it has set missions and visions aimed at reducing corruption, ensuring the establishment of a corruption-free society, and protecting the public interest. With good intentions for the country, the government is working diligently to combat corruption and put these efforts into action.

It has been observed with satisfaction that, in collaboration with the Ministry of Education and the Ministry of Science and Technology, edutainment programmes to promote integrity and youth forums are being actively implemented in basic education schools and universities. These efforts aim to foster a spirit of disapproval, shame, and resistance to corruption among the younger generation. It is also noted that harmful emotions such as love, hatred, greed, anger, delusion, and fear contribute to the commission of unethical acts. Therefore, it is essential to educate young people, students, and learners from an early age to ensure they are free from malice and develop pure and clean minds, focusing on human dignity and moral conduct.

The assets and wealth acquired through corrupt practices and greed, which are seized as public funds, are clearly outlined in the Anti-Corruption Law. Therefore, it is necessary not only to take legal action against those who commit corruption, but also to ensure the effective and precise implementation of the law to confiscate the wealth and assets accumulated from corruption, as public funds, in accordance with the law.

According to the motto of the commission, "A country free from corruption, prosperous and peaceful," it is essential for the government and the entire people of the nation to actively and harmoniously collaborate in the fight against corruption. Each individual, group, and society must abandon corruption, work on improving themselves and their surroundings, and collectively contribute to the development and well-being of the nation. This call emphasizes the importance of commitment and joint effort.

The government, in line with its motto "Keep Moving Forward to Achieve Our Goal," is committed to prioritizing the interest of the nation and all its citizens, striving to enhance the socioeconomic life. Therefore, it is essential to adopt the established objectives, goals, and policies as guiding principles, and to collaborate with the commission in efforts to combat corruption. In order to ensure a corruption-free nation, everyone is encouraged to treat the fight against corruption as a national duty, working together with determination as part of honouring the 21st International Anti-Corruption Day.




Senior General Min Aung Hlaing presents prize to an award winner.

The Senior General awarded winners in the poster, video and article contests to mark the anti-corruption activities.

The Chairman of the commission presented a medal to mark the International Anti-Corruption Day to the Senior General.

Chairman of the commission U Sit Aye reported to the Senior General on work progress of the commission and its future plans.

The Senior General and dignitaries watched a video clip to mark the commemorative day and viewed round the documentary photos on activities of combatting corruption.



Senior General Min Aung Hlaing views documentary photos on activities of combatting corruption.

# 5$^{th}$ National Sports Festival 2024 opens; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses inauguration ceremony





Senior General Min Aung Hlaing addresses the opening of the 5$^{th}$ National Sports Festival 2024.

**Nay Pyi Taw December 9**

The opening ceremony of the 5$^{th}$ National Sports Festival 2024 was held at Wunna Theikdi Stadium here this evening, graced and addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, SAC Secretary General Aung Lin Dway and wife, Joint SAC Secretary General Ye Win Oo and wife, SAC members and wives, union ministers, union level officials and wives, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, members of Olympic Committee, presidents, vice presidents and members of Myanmar sports federations, specially invited guests, managers, coaches and athletes of sports contingents of union ministries and regions and states, Tatmadaw members, staff of ministries, students and sports enthusiasts

First, the Senior General and wife planted a gangaw sapling in commemoration of the sports festival and sprinkled scented water of the inscription marking the tree planting activity.

At the start of the ceremony, paratroopers of the free-diving team bearing the flag of the sports festival and the region/state flags jumped into the sports ground in honour of the ceremony and saluted the Senior General.

Vocalist Htoo Al Lin sang the song "Our Myanmar" and a lighting show was presented to the accompaniment of Myanmar orchestra. The inauguration was marked with a countdown, followed by a fireworks display and a joint performance of the song "Beautiful and lovely Myanmar" by the Fine Arts Department of the Ministry of Religious Affairs and Culture and the Basic Education Depart-ment, Ministry of Education.



The Flag of the National Sports Festival being conveyed into the sports stadium.

The State Military Band took position in the sports ground. Later, led by the Flag Bearer troop, sports contingents from ministries and regions and states took positions in the sports ground, raised the State Flag and saluted it. Honourable athletes of the golden age of Myanmar sports conveyed the Flag of the festival into the sports stadium and raised it.

In his keynote address, the Senior General said in all seriousness, the country must imple-ment a point "To elevate the Health and Sports sectors inclusive of all the people, improving the longevity and health of the nation" of the nine objectives adopted by the State. The objectives of the sports festival are: improvement of national sports standard, en-suring victories in the coming 33th SEA Games and other international games, generation of qualified athletes who will bring honour to the country and promising new generation athletes, cementing friendship among regions and states and ministries and pro-motion of sports activities, en-hance public sports awareness and public participation in sports activities.

The sports festival is a proof of the national pride and strong patriotism of citizens, their love for the country, unity, nationa-listic fervor and cooperation and peace and stability. The Senior General expressed thanks to officials who made efforts for holding the festival successfully and on a grand scale, sports federations, athletes, artists of literature, music, movie, and thabin worlds, and students who rendered a helping hand, saying their efforts are recognized.

Myanmar organized the National Sports Festival four times, in 1992, 1994, 1997 and 2015. The country can hold the fifth festival only after a period of nearly ten years has passed. Sports promotion is an honorable activity. If it is valued as a national duty, the country will be able to produce disciplined, fit and healthy human resources for the country that will serve the national interest in unity.

Sportsmanship plays a crucial role in sports competitions. It not only fosters a spirit of perseverance, but also helps indi-viduals build self-confidence and develop the courage to face and overcome challenges in life. Recognizing the diverse perspectives on sports, the highest ideal remains that "promoting and fostering sports is a means of protecting the nation."

He stated that the National Sports Festival, first held in 1992, has produced numerous nationally acclaimed athletes in various sports categories. A review of Myanmar's sports history reveals that the 1970s were a golden era for the nation's athletic achievements.

The Myanmar national football team also achieved a not-able accomplishment, winning the Fairest Team award at the 1972 Munich Olympic Football Tournament.

*See Page 14*



Performers entertaining the spectators.




Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy performances.

*From Page 13*

Among the many exceptional athletes who brou-ght glory to the country during that golden era, Capt Tin Aung (Goalkeeper),U Aye Maung Gyi,

U Than Soe@Sabthee, U Nanda Kyaw Swar, U Bhone Myint, U Myint Aung, U Thant Zin, Daw Jennifer Tin Lay, Daw Than Than, Daw Mar Mar Min, Daw Khin Mumu, Daw Nu Nu Yi, Major Myint Soe, and Daw Kyin Lwang are still alive and well. They continue to engage in sports activities to the best of their abilities, and I take great pride in their achievements.

Throughout history, our ethnic brothers and national team players have earned medals in international competitions. They have proudly raised the flag of the Republic of the Union of Myanmar to the top of the flagpole on the international level, fulfilling their duty. There-fore, I would like to emphasize the importance of every citizen working together to promote the sports sector. Sporting achievements that elevate the Myanmar flag in international competitions significantly enhance the country's prestige and raise its global standing.

Ministry of Sports and Youth Affairs is implementing mea-sures to promote the education and health of young people alongside the development of the sports sector. Since programs are being implemented from mass sports to excellent sports levels to develop out-standing athletes, it is essential for the entire public, including students, youth, and people with disabilities, to participate. The country's sports sector is currently making progress and achieving success due to the government's focus on promoting sports. I urge everyone not to be content with this progress, but to continue striving towards the goal of "dominating the world with Myanmar sports," achieving even greater success than before, and standing tall among the international commu-nity.

We are awarding a well-deser-ved increase in honors, includ-ing cash prizes, to our national athletes who have won medals in international competitions. In addition, former athletes who once brought glory to the country are also recognized with monthly stipends and honorary degrees. Therefore, I encourage the athletes participating in this major sports competition to strive for success, become national champions, and bring glory to the country.

It is possible that developing the sports sector with the sole effort of the Ministry of Sports and Youth Affairs may face challenges. Therefore, related ministries and sports federa-tions must collaborate, and the entire public should view this as a national responsibility, working together with interest and cooperation.

Regarding the connection between education and sports, the country's education system is student-centered, which pro-vides an advantage for cooperation in the sports sector. As a result, sports time has been incorporated into school curri-cula, with a provision making it compulsory for students to learn a specific sport. Additionally, sports have been included in the grading system, arrangements have been made for students excelling in sports to attend the Institute of Sports and Physical Education, and sports scholarships have been awarded.

The Ministry of Education is required to develop a project to encourage every student to participate in one of the sports and to draw a sports calendar to organize sports competitions for basic education levels and colleges/university levels yearly. Only then, will the process of integration of sports and edu-cation be smooth and with the emergence of new generation athletes, contributing to the sustainable sports development of Myanmar.

It can be seen that youth athletes in neighbouring countries can break not only world youth records but also world records in their student sports festivals. Therefore, it is necessary to take measures for the resurgence of Myanmar sports standards by drawing a sports calendar that includes organizing advanced sports competition in addition to student and youth sports competitions and inter-ministry sports competitions in the upcoming year.

In the current national sports festival, competitions will be held for 23 types of sports in state and region competitions, six types of sports for inter-ministry sports competitions and four types of sports for para sports competitions.

Athletes and athletic teams have prepared to participate in competitions to put their skills, strength, stamina, techniques and spirit to the test.

*See Page 15*



The stadium crowded with spectators at the opening of the National Sports Festival.



Group dances in progress.



Fireworks being set off to mark the success of the opening of the National Sports Festival.

*From Page 14*

Therefore, they are urged to compete with high standards of sports spirit and sports culture in accordance with the reputation of the sports festival.

True to the nature of sports competitions, there will be disputes when competition beco-mes intense. However, athletes are urged to compete honestly with high standards of sports spirit and culture. All athletes are required to compete in accordance with disciplines, rules and regulations adopted for competitions fairly and relentlessly out of perseverance, effort, endeavour and courage. Athletes are urged to promote the sports culture by comfort-ing losers when one wins competitions, accepting the defeat and empathizing with winners when one loses competitions and offering help when other competitors are in danger.

Responsible officials are required to train competent athletes who emerge winners from respective competitions in camps so that they become Myanmar national selected athletes who can compete in the 33rd SEA games and other international sports competitions.

Participating in sports revi-talizes patriotic spirit, national spirit and national characte-ristics and contributes to the health and fitness of the entire people. Therefore, athletes are urged to compete out of sports spirit to win competitions. In conclusion, the Senior General said he hoped that many athletes, who can live up to the image of the country, will emerge from the current competition and opened the 5th National Sports Festival. As soon as the speech ended, fireworks commemorating the opening ceremony were set off.

Then, national selected athletes relayed the torch of the sports festival along the designated route onto the beacon on the stage in front of the grand stand. As soon as the torch was in place, another commemorating torch on the top of the southeast corner of the sports grounds was on. Then, athletes and referees vowed the sports pledges and left the sports grounds together with flag bearers.

Afterward, the third agenda of the ceremony was held and the Senior General and wife and attendees enjoyed group dances covering six historical eras of Myanmar performed by artists from the Fine Arts Department of the Ministry of Religious Affairs and Culture and music and performances of members of Myanmar Paralympic Sports Federation, Myanmar Motion Picture Association, Myanmar Chinlon Federation and Myanmar Comedians Association and students from Nationalities Youth Resource Development Degree College.

Then, fireworks commemorating the success of the opening ceremony of the sports festival were set off and the Senior General and wife greeted the guests by waving hands and cordially greeted former national selected athletes and artists .

The first national sports festival featuring 22 types of sports was held in Yangon from 3 to 16 May, 1992. The second national sports festival featuring 24 types of sports was held in Yangon from 25 January to 6 February, 1994. The third national sports festival featuring 29 types of sports was held in Yangon from 11 to 24 January, 1997. The third national sports festival featuring 27 types of sports was held in Nay Pyi Taw from 13 to 28 February, 2015. The fifth national sports festival has been held on a grand scale at the national level since early December in Nay Pyi Taw with the aims of enhancing the sports standards of the country, achieving success in the 33rd SEA games and other international sport competitions, nurturing potential new generation athletes and highly qualified athletes who can live up to the reputations of the country, increasing the sports activities by building friendship among regions and states and ministries and encouraging the people to participate in sports by inspiring interest in sports among them by organizing competitions for 33 types of sports including six sports types at the ministry level, competitions for 23 types of sports at the state and region level and competitions for four type of sports at the paralympic level. Paralympic sports competitions were held from 5 to 8 December and competitions at the ministry level and the state and region level are being held.

100

# Xinhua Headlines: Syrian gov't collapses in sudden upheaval with far-reaching repercussions



This photo taken on Dec. 8, 2024 shows thick smoke after an explosion in Damascus, Syria.

**Damascus December 9**

Syrian President Bashar al-Assad has reportedly resigned and arrived in Russia for asylum as his government collapsed on Sunday following a sweeping offensive by militant groups.

The groups, led by Hayat Tahrir al-Sham (HTS), waged a major offensive from northern Syria since Nov. 27, and have since swept southwards through government-held areas, capturing the capital Damascus within 12 days.

The fall of al-Assad's government brought a surprise end to the nearly 14-year Syrian civil war, adding to uncertainties for both the war-torn nation and the broader Middle East.

Although the Syrian government and militant groups have been at deadly feud with each other since 2011, large-scale military conflicts largely grounded to a halt in 2020. The recent offensive, however, has taken the government by storm, showcasing a formidable momentum from the outset.

Within just days, the groups captured the central province of Hama, after overrunning key territories in the northwestern provinces of Aleppo and Idlib. Xinhua

# Cambodia launches innovative packaging center to boost food industry competitiveness

**Phnom Penh December 9**

Cambodia has launched an innovative packaging center to boost food industry competitiveness and sustainability, said a joint press release on Monday.

Located at and administered by the Royal University of Agriculture (RUA) in Phnom Penh, the Cambodia Packaging Center (CPC) was inaugurated last Friday, the press release said.

The center is part of the Food Technology, Research, and Innovation Platform, established by the European Union-funded CAPFISH-Capture: Post-harvest Fisheries Development project, which is jointly implemented by the Fisheries Administration (FiA) and UN Industrial Development Organization (UNIDO).

"This facility represents a significant step towards Cambodia's more sustainable and competitive food industry," the press release said. "By providing innovative and sustainable packaging solutions, the center aims to enhance food security, reduce waste, and position the country as a leader in sustainable food processing."

Innovative packaging was crucial for addressing key challenges faced by food processors, including food loss and waste and climate change issues, it said, adding that an official assessment of the packaging landscape within the agri-business and food sectors highlighted these challenges and the growing demand for practical solutions.

Xinhua

# Businesspersons send 550,000 pieces of dragon fruits to Yangon market in November

**Yekyi December 9**

Local farmers and businesspersons from Yekyi Township of Ayeyawady Region shipped 550,000 pieces of dragon fruits to Yangon market in November 2024, said Daw Cherry, the owner of fruit wholesale centre in Yekyi Township.

They sent 450,000 pieces of dragon fruits in October, compared to 550,000 pieces of fruits in November. Local farmers grow dragon fruit plants in organic techniques.

Daw Cherry disclosed: “Farmers and traders dispatched a large number of dragon fruits to Yangon market in November. The fruits from Yekyi Township are quality, attracting customers and consumers. Now, the fruits can be plucked at the farms in Yekyi Township. So, farmers send their fruits to Yangon market.”

Dragon fruit fetches K1,000 to K2,200 at the domestic market, depending on sizes and quality. Thanks to high demand of the fruit from Yangon market, those in production chain can earn increased incomes for their families.

Kyaw Kyaw Lin

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ သစ်ပင်စိုက်ပျိုးခြင်း ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက အလွတ်ခုန်လေထီးအဖွဲ့မှ လေထီးစစ်သည်များက ဝေဟင်ထက်မှ မြေပြင်သို့ အမျိုးသားအားကစားပွဲတော်အလံနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလံများကို ချိတ်ဆွဲသယ်ဆောင်၍ ကွင်းအတွင်းသို့ ဂုဏ်ပြုဆင်းသက်မှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်ချီတက်လာမှုကို အလံဝှေ့ယမ်း၍ အားပေးစဉ်။

**ရှေ့ဖုံးမှအဆက်**

အနုပညာရှင်များ၊ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အုပ်ချုပ်သူများ၊နည်းပြများနှင့်အားကစားသမားများ၊ တပ်မတော်သားများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး သစ်ပင်စိုက်ပျိုးခြင်းကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားအား စတင်ကျင်းပရာ အလွတ်ခုန်လေထီးအဖွဲ့မှ လေထီးစစ်သည်များက အမျိုးသားအားကစားပွဲတော်အလံနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလံများကို ဝေဟင်ထက်မှ မြေပြင်သို့ ချိတ်ဆွဲသယ်ဆောင်၍ ကွင်းအတွင်းသို့ ဂုဏ်ပြုဆင်းသက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် တေးသံရှင်ထူးအယ်လင်းက **“ကျွန်ုပ်တို့ မြန်မာပြည်”**သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေပြီး မြန်မာ့ဆိုင်းဝိုင်း၊ မြန်မာ့တူရိယာများနှင့် မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ထားသည့် တေးသံသာနှင့်အတူမီးအလှပြမှု(Lighting Show) ကို တင်ဆက်ပြသသည်။ယင်းနောက် အခမ်းအနားအားအမှတ်စဉ်ရေတွက်၍ဖွင့်လှစ်ပြီး တစ်ချိန်တည်းတွင် မီးရှူးမီးပန်းများပစ်ဖောက်ကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ **“လှပချစ်စရာတို့ရွှေမြန်မာ”** တေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စစ်တီးဝိုင်းက ကွင်းအတွင်းနေရာယူပြီး အလံတော်အဖွဲ့ ဦးဆောင်၍ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်ချီတက်နေရာယူကြကာ နိုင်ငံတော်အလံကို လွှင့်တင်၍ အလေးပြုကြသည်။

ထို့နောက် မြန်မာ့အားကစားရွှေခေတ်ကာလ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့်အားကစားသမားဟောင်းကြီးများက အမျိုးသားအားကစားပွဲတော်အလံကို ကွင်းအတွင်းသို့ သယ်ဆောင်လာပြီး အလံကို လွှင့်တင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ကိုအကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန်ဆိုပါက နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်မှ လူမှုရေးဦးတည်ချက် တစ်ရပ်ဖြစ်သည့် **“တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး”**ဟူသည့်အချက်ကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကျင်းပသည့် အမျိုးသားအားကစားပွဲတော်ကြီးကို **“နိုင်ငံတော်၏ အားကစားအဆင့်အတန်း** ပိုမိုတိုးတက်မြင့်မားလာစေရေး၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိစေရေး၊နိုင်ငံ့ဂုဏ်ဆောင်နိုင်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သည့် ခေတ် ခြောက်ခေတ်ကို ကိုယ်စားပြုသည့်ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို အမှတ်စဉ်ရေတွက်၍ ဖွင့်လှစ်ပြီး တစ်ချိန်တည်းတွင် မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။

**နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အလံကို တိုင်ထိပ်ရောက်အောင် လွှင့်ထူနိုင်စွမ်းရှိသည့် အားကစားအောင်မြင်မှုများသည် နိုင်ငံ့ဂုဏ်သိက္ခာကို အလွန်မြင့်မားစေပြီး နိုင်ငံ၏အဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးကို နိုင်ငံသားတိုင်းက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်၊ ယခုအားကစားပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများအနေဖြင့်လည်း အောင်မြင်မှုရအောင်၊ နိုင်ငံ့လက်ရွေးစင်ဖြစ်အောင်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလို့. . .**

မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာစေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများမှာ ပါဝင်လှုပ်ရှားကစားလာစေရေး”ဟူသည့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ထို့ပြင် ယခုကျင်းပသည့် အမျိုးသားအားကစားပွဲတော်ကြီးမှ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် အမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးစိတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ တည်ငြိမ်အေးချမ်းမှုကိုဖော်ထုတ်ပြသနိုင်သည့် ပွဲတော်ကြီးပင်ဖြစ်ကြောင်း၊ ယခု အားကစားပြိုင်ပွဲကြီး ခမ်းနားထည်ဝါစွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေး စီမံဆောင်ရွက်ပေးသည့် တာဝန်ရှိသူများ၊ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြသည့် အားကစားအဖွဲ့ချုပ်များ၊ အားကစားသမားများနှင့် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်တို့က အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့်၂၀၁၅ ခုနှစ်တို့တွင် လေးကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခု ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ဆယ်နှစ်နီးပါးအကြာတွင် ပြန်လည်ကျင်းပနိုင်ခြင်းလည်းဖြစ်ကြောင်း၊ အားကစားကို မြှင့်တင်ဆောင်ရွက်ခြင်းအား မွန်မြတ်သည့်လုပ်ငန်းစဉ်တစ်ရပ်၊ နိုင်ငံတော်အတွက်အရေးပါသည့်အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့တန်ဖိုးထားပြီး ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံအတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့်၊ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကို အကျိုးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ကြောင်း။

အားကစား ယှဉ်ပြိုင်ရာတွင်လည်း အားကစားစိတ်ဓာတ်ရှိရန် အလွန်အရေးကြီးကြောင်း၊

**စာမျက်နှာ ၁၈ သို့**

**စာမျက်နှာ ၁၇ မှအဆက်**

လူတိုင်းဘဝတွင် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အနိုင်မခံအရှုံးမပေးသည့်စိတ်၊ မိမိကိုယ်ကိုယုံကြည် ရဲရင့်သည့်စိတ်များနှင့် ရင်ဆိုင်ကျော်လွှားနိုင်သည့်စိတ်မျိုးကို အားကစားစိတ်ဓာတ်က ရစေနိုင်ကြောင်း၊ ထို့ကြောင့်လည်း အားကစားနှင့်ပတ်သက်၍ ခံယူချက်အမျိုးမျိုးရှိသည့်အတွက် **"အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"** ဟူသည့်အချက်သည် အမြင့်မားဆုံးခံယူချက်ပင်ဖြစ်ကြောင်း။

၁၉၅၂ ခုနှစ်က စတင်ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော် အပါအဝင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားအားကစားပွဲတော်များမှ အားကစားနည်းအလိုက် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ပေါင်းများစွာပေါ်ထွက်ခဲ့ကြောင်း၊ မြန်မာ့အားကစားသမိုင်းကိုကြည့်ပါက ၁၉၇၀ ပြည့်နှစ်ဝန်းကျင်သည် မြန်မာ့အားကစားရွှေရောင်လွှမ်းခဲ့သည့် ကာလများဖြစ်သည်ကို တွေ့ရကြောင်း။

၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်ဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် အသန့်ရှင်းဆုံးအသင်းဆုကို ဆွတ်ခူးပိုင်ဆိုင်ခဲ့သည့် မှတ်တမ်းကောင်းများလည်းရှိခဲ့ကြောင်း၊ အဆိုပါ ရွှေခေတ်ကာလ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစားသမားဟောင်းကြီး များစွာရှိခဲ့သည့်အနက် ဗိုလ်ကြီးတင်အောင် (ဂိုး)၊ ဦးအေးမောင်ကြီး၊ ဦးသန်းစိုး(ခ) ဆပ်သီး၊ ဦးနန္ဒကျော်စွာ၊ ဦးဘုန်းမြင့်၊ ဦးမြင့်အောင်၊ ဦးသန့်ဇင်၊ ဒေါ်ဂျနီဖာတင်လေး၊ ဒေါ်သန်းသန်း၊ ဒေါ်မာမာမင်း၊ ဒေါ်ခင်မူမူ၊ ဒေါ်နုနုရီ၊ ဗိုလ်မှူးမြင့်စိုး၊ ဒေါ်ကျင်လွမ်တို့ကဲ့သို့ပုဂ္ဂိုလ်များသည် ယနေ့ထိတိုင် သက်ရှိထင်ရှားကျန်းမာစွာဖြင့် အားကစားလုပ်ငန်းများကို တတ်စွမ်းသရွေ့ထမ်းဆောင်လျက်ရှိနေကြကြောင်း၊ ယင်းအတွက် များစွာဂုဏ်ယူပါကြောင်းကို ထည့်သွင်းပြောကြားလိုကြောင်း။

ခေတ်အဆက်ဆက်က မိမိတို့၏ တိုင်းရင်းသားညီအစ်ကို နိုင်ငံ့လက်ရွေးစင် အားကစားသမားများသည် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့ကြောင်း၊ မိမိတို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတကာအလယ်တွင် အလံတိုင်ထိပ်ရောက်အောင် လွှင့်ထူစေနိုင်ခဲ့ပြီး တာဝန်ကျေပွန်ခဲ့ကြောင်း၊ ထို့ကြောင့် **နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အလံကို တိုင်ထိပ်ရောက်အောင် လွှင့်ထူနိုင်စွမ်းရှိသည့် အားကစားအောင်မြင်မှုများသည် နိုင်ငံ့ဂုဏ်သိက္ခာကို အလွန်မြင့်မားစေပြီး နိုင်ငံ၏အဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးကို နိုင်ငံသားတိုင်းက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်** အလေးအနက်မှာကြားလိုကြောင်း။

လူငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးကို အားကစားကဏ္ဍနှင့်ပေါင်းပြီး တိုးမြှင့်ဆောင်ရွက်နိုင်ရန် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးချွန်အားကစားသမားများ ပေါ်ထွက်ရေးအတွက် လူထုအားကစား Mass Sports အဆင့်မှ Excellent Sports အဆင့်ထိ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိသောကြောင့် ကျောင်းသားလူငယ်များနှင့် မသန်စွမ်းသူများအပါအဝင် ပြည်သူတစ်ရပ်လုံးက လိုက်ပါဆောင်ရွက်နိုင်ကြရန်လိုအပ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် အားကစားကဏ္ဍကို အလေးထားမြှင့်တင် ဆောင်ရွက်ပေးနေသည့်အတွက် ယခုအချိန်တွင် နိုင်ငံ၏အားကစားအဆင့်အတန်းသည် ပြန်လည်ဦးမော့လာနေပြီဖြစ်ကြောင်း၊ တိုးတက်အောင်မြင်မှု အထိုက်အလျောက် ရနေပြီလည်းဖြစ်ကြောင်း၊ အားလုံးက ထိုအပေါ်တွင် ကျေနပ်မနေဘဲ ယခုထက်ပိုပြီးအောင်မြင်အောင်၊ အတိတ်ကကဲ့သို့ အောင်မြင်မှုမျိုးရရှိအောင်၊ နိုင်ငံတကာအလယ်တွင် မြင့်မြင့်မားမားရပ်တည်နိုင်အောင် **"မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမည်"** ဟူသည့် **စာမျက်နှာ ၁၉သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဖျော်ဖြေတင်ဆက်ကြသူများနှင့် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလက်ပြနှုတ်ဆက်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်မီးရှူးတိုင်ကို မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများက လက်ဆင့်ကမ်းသယ်ဆောင်ကြစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့အားကစားရွှေခေတ်ကာလ နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် အားကစားသမားဟောင်းကြီးများက အမျိုးသားအားကစားပွဲတော်အလံကို ကွင်းအတွင်းသို့ သယ်ဆောင်လာစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ရည်မှန်းချက်အတိုင်း ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့်နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို ဆုကြေးငွေအပါအဝင် ဂုဏ်ပြုချီးမြှင့်မှုများကို ထိုက်ထိုက်တန်တန်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင်တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့်အားကစားသမားဟောင်းကြီးများကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် လစဉ်ထောက်ပံ့ကြေးများနှင့် ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် **ယခုအားကစားပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများအနေဖြင့်လည်း အောင်မြင်မှုရအောင်၊ နိုင်ငံ့လက်ရွေးစင်ဖြစ်အောင်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။**

အားကစားကဏ္ဍ တိုးတက်အောင်မြင်ပညာရေးနှင့် အားကစားကဏ္ဍ၏ ဆက်စပ်မှုကို ပြောရမည်ဆိုပါက နိုင်ငံ၏ ပညာရေးစနစ်သည် ကျောင်းသားဗဟိုပြု ပညာရေးစနစ်ဖြစ်သည့်အတွက် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် အားသာချက်တစ်ရပ်ကဲ့သို့ဖြစ်နေကြောင်း၊ ထို့ကြောင့် ကျောင်းစာသင်ချိန်များတွင် အားကစားချိန်ကိုထည့်သွင်းပေးထားပြီး အားကစားနည်းတစ်ခုခုကို မသင်မနေရသင်ကြားစေရေး ထည့်သွင်းပြဋ္ဌာန်းပေးထားကြောင်း၊ အားကစားကိုအမှတ်ပေးစနစ်တွင် ထည့်သွင်းပေးခြင်း၊ အားကစားထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများကိုအားကစားနှင့်ကာယပညာသိပ္ပံကျောင်းများသို့တက်ရောက်နိုင်ရေး စီစဉ်ပေးခြင်းနှင့် အားကစားပညာသင်ဆုများ ချီးမြှင့်စေလွှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေးဝန်ကြီးဌာန အနေဖြင့်လည်း ကျောင်းသားလူငယ်တိုင်း အားကစားနည်းတစ်မျိုးမျိုးကို ပါဝင်ကစားစေရေး စီမံကိန်းရေးဆောင်ရွက်ရာတွင်လည်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန တစ်ခုတည်းအင်အားဖြင့် ဆောင်ရွက်နိုင်ရန်မှာ အခက်အခဲများရှိနိုင်ကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် အားကစားနည်းအလိုက်အဖွဲ့ချုပ်များကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူပြီး စိတ်ပါဝင်စားစွာဖြင့် ဝိုင်းဝန်းကူညီပေါင်းစပ်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

ချမှတ်ဆောင်ရွက်ခြင်းနှင့် အားကစားပြက္ခဒိန်ရေးဆွဲပြီး အခြေခံပညာအဆင့်မှ ကောလိပ်၊ တက္ကသိုလ်အဆင့်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပ ဆောင်ရွက်ပေးနိုင်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ သို့မှသာ အားကစားနှင့်ပညာရေးပေါင်းစပ်လုပ်ငန်းများတွင် အဆင်ပြေချောမွေ့လာပြီး မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာမှုနှင့်အတူ မြန်မာ့အားကစား စဉ်ဆက်မပြတ်တိုးတက်ရေး (Sustainable Sports Development)ကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း။

မိမိတို့ အိမ်နီးချင်းနိုင်ငံတချို့တွင် ကျောင်းသားလူငယ် အားကစားပွဲတော်များမှ ကမ္ဘာ့လူငယ်စံချိန်သာမက ကမ္ဘာ့စံချိန်တို့ကိုပါ ချိုးနိုင်ခဲ့သည့် လူငယ်လက်ရွေးစင်များ ပေါ်ထွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း လာမည့်နှစ်များတွင် ကျောင်းသားနှင့်လူငယ် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများအပြင် အဆင့်မြင့်အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးတို့ကို အားကစားပြက္ခဒိန်တွင်ထည့်သွင်းရေးဆွဲပြီး မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခု အမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲအတွက် အားကစားနည်း ၂၃ မျိုး၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲအတွက် အားကစားနည်း ခြောက်မျိုးနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ လေးမျိုးတို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း။

ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများနှင့် အသင်းများအနေဖြင့် မိမိတို့၏ ကျွမ်းကျင်မှု၊ ခွန်အား၊ သက်လုံ၊ နည်းစနစ်၊ စိတ်ဓာတ် စသည်တို့ကို မှတ်ကျောက်တင်ခံနိုင်သည်အထိ ပြိုင်ပွဲဝင်ရန်ပြင်ဆင်လာခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားပွဲတော်ကြီး၏ဂုဏ်ပုဒ်နှင့်အညီ အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုကိုပါ မြင့်မြင့်မားမားလေးစားမြှင့်တင် ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**စာမျက်နှာ ၂၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများနှင့် အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်ချီတက်နေရာယူကြစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သည့် ခေတ်ခြောက်ခေတ်ကိုကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်စဉ်။







၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် အနုပညာရှင်များနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့က သရုပ်ပြဖျော်ဖြေတင်ဆက်ကြစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ဖိတ်ကြားထားသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ မရှင်က ၂၀၂၂ ခုနှစ်က စတင်ဆောင်ရွက်နေသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လူငယ်အသိပညာပေးအစီအစဉ်နှင့် စကားဝိုင်းဆွေးနွေးပွဲများ၊ ပညာရေးနှင့်ပူးပေါင်းဆောင်ရွက်ချက်များ၏ ဦးတည်ရည်မှန်းချက်များနှင့် တူညီနေကြောင်း၊ကော်မရှင်၏ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိနေသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရကြောင်း။

အဂတိလိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုးအကျည်းတန်စေပြီး ကောင်းမွန်သည့်လူမှုစီးပွားဘဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့်

**“အဂတိပယ်ခွာ ပြည်သာယာ”ဆိုသည့် ကော်မရှင်၏ ဆောင်ပုဒ်နှင့်အညီ အဂတိလိုက်စားမှုကင်းစင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာစေရန် အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာဖြင့် ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်...**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပိုစတာပြိုင်ပွဲတွင် ပထမဆုရ ဦးအောင်စည်သူကို ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရ ဒေါ်နှင်းယွန်းယုဉ်ကို ဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်းများတွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းပြီး အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒီဇင်ဘာ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၀၃ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများတွင် အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဦးတည်ချက်မှာ **“ဖြောင့်မတ်တည်ကြည်သောအနာဂတ်ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့ (Uniting with Youth against Corruption: Shaping Tomorrow's Integrity)”**ဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်သည် မိမိတို့မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မကောင်းမှုဒုစရိုက်တစ်ခုပင်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများကြောင့် လူ့ဘောင်လောကတွင် တရားမျှတမှုပျောက်ကွယ်ပြီး နိုင်ငံတော်နှင့် အများပြည်သူကို ထိခိုက်စေကြောင်း၊ ထို့ပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်ကို ပျက်စီးစေရုံသာမက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုကိုလည်းထိခိုက်စေနိုင်ကြောင်း၊ လက်တွေ့တွင်လည်း အဆိုပါအယူအဆမှန်ကန်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အဂတိလိုက်စားမှုပြဿနာသည် မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင် ပျံ့နှံ့နေသည့် ရောဂါဆိုးတစ်ခုဖြစ်နေကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရပိုင်းများသာမက ပုဂ္ဂလိကပိုင်းနှင့် အမြတ်အစွန်းမဟုတ်သည့်အချို့ကုသိုလ်ဖြစ် လူမှုဒါနရေးအဖွဲ့များတွင်ပါ အမြစ်တွယ်လာနေသည့် ပြဿနာတစ်ခုဖြစ်ကြောင်း။

အဂတိလိုက်စားမှုဆိုသည်ကို သာမန်အားဖြင့် လာဘ်ပေးလာဘ်ယူမှုလောက်သာ ထင်မှတ်ကြသော်လည်း တကယ်တော့ လူ့ဘောင်လောကတွင် ကျယ်ပြန့်နက်ရှိုင်းသည့် မကောင်းမှုကြီးဖြစ်ကြောင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊လိမ်လည်ခြင်း၊နိုင်ငံတော်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားလုပ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းငွေကြေးများကို ကိုယ်ကျိုးအတွက် မသင့်မလျော်သုံးစွဲခြင်း၊ မလျော်ဩဇာသုံးပြီး ကိုယ်ကျိုးအတွက်ကို ရယူခြင်း စသည်များသည် အဂတိလိုက်စားမှုများပင်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုကြောင့် ရာဇဝတ်မှုများကျူးလွန်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကို အားပေးခြင်းများ ဖြစ်ပေါ်လာစေကြောင်း၊ ထို့ပြင် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီစနစ်ကို ထိခိုက်စေခြင်းတို့ကို ဖြစ်စေခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာပြဿနာကြီးတစ်ခု၊ ရောဂါဆိုးကြီးတစ်ခုဟု ဆိုနိုင်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသည့် အဂတိလိုက်စားမှုလျော့နည်းကျဆင်းလာစေရေး၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်စေရေးနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးရေးတို့အတွက် ရည်မှန်းချက်၊ ဦးတည်ချက်များချမှတ်ထားကြောင်း၊ နိုင်ငံတော်အတွက် စိတ်ရင်းစေတနာကောင်းကို အရင်းခံပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့နှင့်ပူးပေါင်းပြီး အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး Edutainment အစီအစဉ်များ၊ လူငယ်စကားဝိုင်းများကို အင်တိုက်အားတိုက်ဆောင်ရွက်နေသည်ကို ကျေနပ်အားရဖွယ်တွေ့ရှိရကြောင်း၊ မျိုးဆက်သစ်လူငယ်များကြားတွင် အဂတိလိုက်စားမှုကို မနှစ်သက်၊ ရှက်ရွံ့ဆန့်ကျင်သည့် စိတ်ဓာတ်များ ကိန်းအောင်းလာစေရန်ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူများတွင် ချစ်ခြင်း၊ မုန်းခြင်း၊ လောဘ၊ဒေါသ၊မောဟ၊ဘယ စသည့် စိတ်အညစ်အကြေးများကြောင့်

**စာမျက်နှာ ၂၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လှုပ်ရှားမှု မှတ်တမ်း ဓာတ်ပုံများကို စိတ်ပါဝင်စားစွာ လှည့်လည် ကြည့်ရှုစဉ်။

# တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ဖွဲ့ချင်းက အဂတိကို ပယ်ခွာပြီး မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်သာယာအောင် ဝိုင်းဝန်းဆောင်ရွက်...

**စာမျက်နှာ ၂၀ မှအဆက်**

အဂတိမှုကျူးလွန်လာကြခြင်းဖြစ်ကြောင်း၊ထို့ကြောင့် လူငယ်များ၊ကျောင်းသား၊ကျောင်းသူများကို ငယ်ရွယ်စဉ်ကစပြီး အဂတိကင်းရှင်းစေရန်၊ စိတ်ထားဖြူစင်သန့်ရှင်းစေရန်အတွက် လူ့ဂုဏ်သိက္ခာနှင့် လူမှုကျင့်ဝတ်များကို သွန်သင်ပြသဆုံးမပေးကြရန် လိုအပ်ကြောင်း။

အဂတိလိုက်စားမှုနှင့် ကြွယ်ဝချမ်းသာလာမှုကြောင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတွင် အတိအကျထည့်သွင်း ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှု ကျူးလွန်သူများကို တရားစွဲဆိုအရေးယူရုံသာမက အဂတိလိုက်စားမှုကြောင့် ကြွယ်ဝချမ်းသာလာသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို ဥပဒေနှင့်အညီ တိတိကျကျ ထိရောက်အောင်ဆောင်ရွက်ကြရန် လိုအပ်သည်ကို အသိပေးမှာကြားလိုကြောင်း။

“အဂတိပယ်ခွာပြည်သာယာ”ဆိုသည့် ကော်မရှင်၏ ဆောင်ပုဒ်နှင့်အညီ အဂတိလိုက်စားမှုကင်းစင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာစေရန် အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာဖြင့် ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ **တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ဖွဲ့ချင်းက အဂတိကို ပယ်ခွာပြီး မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်သာယာအောင် ဝိုင်းဝန်းဆောင်ရွက်သွား**ကြရန် လေးလေးနက်နက်တိုက်တွန်းအပ်ကြောင်း။

မိမိတို့အစိုးရက ချမှတ်ထားသော **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal)**ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကို ရှေးရှုပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ချမှတ်ထားသည့် ဦးတည်ချက်၊ ရည်မှန်းချက်များနှင့် မူဝါဒများကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုများကင်းရှင်းစေရန်အတွက် အားလုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားရင်း ၂၁ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်တံဆိပ်အား ဂါရဝပြုပေးအပ်သည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ကော်မရှင်၏လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

**စာမျက်နှာ ၁၉ မှအဆက်**

အားကစားပြိုင်ပွဲများ၏ သဘောသဘာဝအတိုင်း ပြိုင်ဆိုင်မှုပြင်းထန်လာသည်နှင့်အမျှ တစ်ဖက်နှင့်တစ်ဖက် အငြင်းအခုံများရှိမည်ဖြစ်ကြောင်း၊ သို့သော်လည်း အားကစားစိတ်ဓာတ်နှင့် အားကစားယဉ်ကျေးမှုကို မြင့်မြင့်ထားပြီး ဂုဏ်သိက္ခာရှိစွာ ယှဉ်ပြိုင်ကြရန်ပြောကြားလိုကြောင်း၊ အားကစားသမားတိုင်းသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ တရားမျှတစွာ ယှဉ်ပြိုင်ခြင်း၊ မလျှော့သည့် ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတို့ဖြင့် အနိုင်မခံအရှုံးမပေး ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အနိုင်ရပါက ရှုံးနိမ့်သူကို အားပေးရန်၊ မိမိရှုံးခဲ့ပါကလည်း အရှုံးကိုလက်ခံပြီး အနိုင်ရသူကို မုဒိတာပွားအားပေးရန်၊ ပြိုင်ပွဲအတွင်း ပြိုင်ဘက်ဖြစ်သူဘေးဒုက္ခတစ်စုံတစ်ရာဖြစ်လာပါကလည်း ကူညီခြင်းဖြင့် အားကစားယဉ်ကျေးမှုကို မြှင့်တင်ကြရန် မှာကြားလိုကြောင်း။

တာဝန်ရှိသူများအနေဖြင့်လည်း **ပြိုင်ပွဲအသီးသီးမှ ထွက်ပေါ်လာသည့် အရည်အသွေးမြင့် အားကစားသမားများကို စနစ်တကျ စခန်းသွင်းလေ့ကျင့်ပေးပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် မြန်မာ့လက်ရွေးစင် အားကစားသမားကောင်းများ ဖြစ်လာအောင် လေ့ကျင့်ပေးသွားရမည် ဖြစ်**ကြောင်း။

အားကစား ဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကိုလည်း တိုးတက်မြင့်မားစေနိုင်ကြောင်း၊ ထို့ကြောင့် **အားကစားသမား မောင်မယ်များအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အနိုင်ရရှိအောင်ပါဝင်ယှဉ်ပြိုင်ကြပြီး ယခုအားကစားပွဲတော်မှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအဖြစ်မှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမား များစွာပေါ်ထွက်မည်ဟု ယုံကြည်**မျှော်လင့်လျက် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ဖွင့်လှစ်ပေးလိုက်ကြောင်းဖြင့် ပြောကြားသည်။

မိန့်ခွန်းပြောကြားပြီးသည်နှင့် တစ်ပြိုင်နက် ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်မီးရှူးတိုင်ကို မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများက လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ကြကာ အထူးတန်းပွဲကြည့်စင်ရှေ့စင်မြင့်ပေါ်ရှိ မီးရှူးတိုင်တွင် မီးထွန်းညှိကြသည်။

ထိုသို့မီးထွန်းညှိလိုက်သည်နှင့်တစ်ပြိုင်နက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၏ အရှေ့တောင်ထောင့် အပေါ်ဆုံးတွင်ရှိသည့် ပင်မအထိမ်းအမှတ်မီးရှူးတိုင်သည်လည်း မီးလင်းလာခဲ့သည်။

ယင်းနောက် အားကစားသမားများနှင့် ဒိုင်လူကြီးများက အားကစားသစ္စာအဓိဋ္ဌာန်ကိုရွတ်ဆိုကြပြီး အလံတော်အဖွဲ့နှင့် ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အထင်အရှားရှိခဲ့သည့်ခေတ်ခြောက်ခေတ်ကို ကိုယ်စားပြုသည့် ယိမ်းအကများဖြင့် သရုပ်ဖော်တင်ဆက်မှု၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ အဖွဲ့ဝင်များ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့မှ ကျောင်းသား၊ ကျောင်းသူများ၏ သရုပ်ပြဖျော်ဖြေမှုများ၊ တေးသီချင်းများဖြင့် သီဆိုတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ပစ်ဖောက်ခဲ့ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများကို လက်ပြနှုတ်ဆက်ခဲ့ကြပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ် မေ ၃ ရက်မှ ၁၆ ရက်ထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၂ နည်းဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၆ ရက်ထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၄ နည်းဖြင့်လည်းကောင်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၂၄ ရက်ထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၉ နည်းဖြင့်လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်ထိ နေပြည်တော်၌ အားကစားနည်း ၂၇ နည်းဖြင့်လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။ ယခု ၂၀၂၄ ခုနှစ်တွင် ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နေပြည်တော်၌ ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်း လေးနည်း စုစုပေါင်း ၃၃ နည်းတို့ဖြင့် ဒီဇင်ဘာလအစောပိုင်းမှစတင်၍ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိကြောင်း၊ မသန်စွမ်းအားကစားနည်းပြိုင်ပွဲများကို ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်ထိ ကျင်းပခဲ့ကြောင်းနှင့် ဝန်ကြီးဌာနအဆင့် အားကစားနည်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်းများကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဒီဇင်ဘာ ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ဖူးမြော်ကြည်ညိုစဉ် ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ သမိုင်းအချက်အလက်နှင့်ဘုရားဖူးလမ်းညွှန်၊ သာသနိကအဆောက်အအုံများ၊ ဗုဒ္ဓပြတိုက်နှင့် ဓာတ်ပုံပြခန်းတို့ကို ကြည့်ရှုလေ့လာကြပြီး စေတီတော်ညွှန့်ခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် အမျိုးသားပြတိုက်၌ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပစ္စည်းပြခန်းများ အပါအဝင် မြန်မာ့သမိုင်းဆိုင်ရာပြခန်းများကို စိတ်ဝင်တစားလေ့လာကြပြီး မြို့တော်ခန်းမ၊ ဝန်ကြီးများရုံး၊ ကန်တော်ကြီးနှင့် ကရဝိက် စသည့်ရန်ကုန်မြို့၏ အထင်ကရနေရာများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြကာ မြန်မာ့ကျောက်မျက်ပြတိုက် အရောင်းဆိုင်များကို သွားရောက်ကြည့်ရှုလေ့လာကြသည်။



မွန်းလွဲပိုင်းတွင် Kalmykia ပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Iskander Azizov၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကဘုရားခန်း၌ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။



ထိုသို့ဖူးမြော်ကြည်ညိုစဉ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ရုရှားနိုင်ငံသည် ရှေးယခင်ကတည်းက ယဉ်ကျေးမှု၊ စာပေ၊အနုပညာထွန်းကားခဲ့ပြီး ယခုလည်း ထွန်းကားဆဲဖြစ်သည်ကို သိမြင်ရပါကြောင်း၊ ဘက်ပေါင်းစုံအစဉ်အလာကြီးမားပြီး မြန်မာနိုင်ငံနှင့်ယဉ်ကျေးမှုနှင့် လူမှုရေးရာအဖြာဖြာတွင် ကူးလူးဆက်ဆံနေသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ရှေးယခင်ကတည်းကပင် သံတမန်ဆက်ဆံရေးရှိခဲ့ပြီး ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ပိုမိုကောင်းမွန်သည့် သံတမန်ဆက်ဆံရေးများကြောင့် အားတက်ဝမ်းမြောက်ရပါကြောင်း၊ ရုရှားနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာ၏ အထွတ်အမြတ်ထားရာ ရုပ်ပွားစေတီတော်များအား တည်ထားကိုးကွယ်ခွင့်ပြုသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးအတွက် အားရဝမ်းမြောက်မိပါကြောင်း နှုတ်ခွန်းဆက်ပဋိသန္ထာရကထာ မိန့်ကြားတော်မူသည်။

ထို့နောက် Kalmykia ပြည်နယ်အကြီးအကဲက မိမိတို့ပြည်နယ်သည် ဗုဒ္ဓဘာသာပြန့်ပွားရေး ဆောင်ရွက်သည့် ပြည်နယ်တစ်ခုဖြစ်ပြီး ဗုဒ္ဓဘာသာထွန်းကားပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအား ၂၀၂၅ ခုနှစ်တွင်ကျင်းပမည့် ဗုဒ္ဓဘာသာဖိုရမ်သို့ပင့်ဖိတ်လိုပါကြောင်း၊ မိမိတို့ပြည်နယ်တွင် မြန်မာနိုင်ငံကဲ့သို့ ဗုဒ္ဓဘာသာပြန့်ပွားရေးကိုဆောင်ရွက်နိုင်ရန် ယုံကြည်ပါကြောင်း၊ဗုဒ္ဓဘာသာထွန်းကားရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ဆွေးနွေးလျှောက်ထားသည်။

ဆက်လက်၍ Kalmykia ပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့်ဆရာတော်ကြီးများအား ဓမ္မပဏ္ဏာနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှုခင်းပုံကျောက်စီပန်းချီကားကို ဓမ္မပဏ္ဏာအဖြစ် ပေးအပ်သည်။

ညပိုင်းတွင် Kalmykia ပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အကြိမ်(၆၀)မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများကွန်ဖရင့်၊ အဆင့်မြင့်အရာထမ်းများ ဆွေးနွေးပွဲနှင့် (၄၄)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ဥက္ကဋ္ဌများ အစည်းအဝေးကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၉

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်ထိကျင်းပသည့် အကြိမ်(၆၀)မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများကွန်ဖရင့်၊ အဆင့်မြင့်အရာထမ်းများ ဆွေးနွေးပွဲနှင့် (၄၄)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ဥက္ကဋ္ဌများ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲသို့ အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ဝင်နိုင်ငံများမှ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် Bank for International Settlement (BIS)၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးနှင့် ငွေကြေးဈေးကွက်များ၏ အခြေအနေနှင့် အလားအလာများ၊ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုများကြောင့် အာရှစီးပွားရေးအပေါ်အကျိုးသက်ရောက်မှုခေါင်းစဉ်များကို ဒီဇင်ဘာ ၆ ရက်တွင် ဆွေးနွေးခဲ့ကြသည်။

ဒီဇင်ဘာ ၇ ရက်တွင် SEACEN Centreမှ ၂၀၂၅ ခုနှစ်တွင် ပြုလုပ်မည့် သင်တန်းများနှင့်ပတ်သက်၍ Hybrid ပုံစံဖြင့် In-person နှင့် Online တစ်ပြိုင်တည်းပြုလုပ်နိုင်ရေး၊ Research Project ကိစ္စရပ်များ၊ EXCO က အတည်ပြုထားသော ၂၀၂၅ ခုနှစ်တွင် အသုံးပြုရမည့် ဘတ်ဂျက်လျာထားအသုံးစရိတ်များနှင့် SEACEN ၏ တံခါးပိတ်အစည်းအဝေးတွင် SEACEN ၏ Senior Management များနှင့်ပတ်သက်၍ စည်းမျဉ်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဆန်၊ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ဒီဇင်ဘာ ၁ ရက်မှ ၈ ရက်ထိထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၉

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁ ရက် ည ၈ နာရီမှ ဒီဇင်ဘာ ၈ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၁၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း COVID-19 ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန ၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ကျန်းမာရေးဝန်ကြီးဌာန




## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်(၁၂/ ၂၀၂၄)ထုတ်ပြန်

၁။ လူသားအားလုံးအတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ထည့်သွင်းဖော်ပြထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂက ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ထိုနေ့ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အဖြစ်သတ်မှတ်ခဲ့သည်မှာ ယနေ့တွင် ၇၆ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံသားများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုချမှတ်ချိန်တွင်ပါဝင်ထောက်ခံခဲ့သူမှာသာမက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပြည်တွင်းဥပဒေများတွင်လည်း ကြေညာစာတမ်းပါ လူ့အခွင့်အရေးစံများကို လိုက်လျောညီထွေစွာ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ထို့ပြင် အဓိက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်ကြီးများအနက် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲစာချုပ် နှစ်ခု၊ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တို့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ချုပ်ဆိုထားပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း လူ့အခွင့်အရေး အသိပညာပေးဆွေးနွေးဟောပြောပွဲများနှင့် သင်ခန်းစာပို့ချမှုများ စုစုပေါင်း ၆၃ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး သင်တန်းသားပေါင်း ၈၃၉၁ ဦးကို အသိပညာမျှဝေပေးနိုင်ခဲ့ပါသည်။ လူ့အခွင့်အရေး ဖောက်ဖျက်ခံရသည်ဆိုသောတိုင်တန်းချက် ၂၁၄ စောင်ကို စိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်၊ အချုပ်ထောင် ၁၀ ခု၊ အကျဉ်းစခန်း ၁၂ ခု၊ ရဲစခန်းအချုပ်ခန်း ၁၈ ခု၊ တရားရုံးအချုပ်ခန်း ၁၅ ခု၊ ဘိုးဘွားရိပ်သာ ၁၀ ခု၊ အမျိုးသမီးသက်မွေးသင်တန်းကျောင်း သုံးကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း တစ်ကျောင်းနှင့် လူငယ်သင်တန်းကျောင်း ငါးကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးမှုများပြုလုပ်ကာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကြံပြုချက်ပေါင်း ၂၆၃ ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ ပေးပို့ခဲ့ပါသည်။ တည်ဆဲဥပဒေ၊ အဆိုပြုထားသော ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေအကြံပြုစာ ခြောက်စောင်ပေးပို့ခြင်း၊အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of all forms of Discrimination against Women – CEDAW) နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities – CRPD) တို့ကို ဘာသာပြန်ဆို ပုံနှိပ်ခြင်းနှင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အစည်းအဝေးများသို့ ၂၈ ကြိမ် ပါဝင်တက်ရောက်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အများပြည်သူသို့ သတင်းထုတ်ပြန်ချက် ၁၂ စောင်နှင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု သတင်းဖော်ပြချက် ၁၀၃ ခုကို ထုတ်ပြန်ခဲ့ပါသည်။

၄။ ၂၀၂၄ ခုနှစ်တွင် ကျရောက်သော ၇၆ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂကချမှတ်သည့်ဆောင်ပုဒ်မှာ "ဒို့အခွင့်အရေး၊ ဒို့အနာဂတ်၊ ယခုကစလို့ ဆောင်ကြဉ်းအပ်" "Our Rights, Our Future, Right Now." ဖြစ်ပါသည်။

၅။ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောသော နိုင်ငံတော်ကိုတည်ဆောက်ရာတွင် ပြည်သူတစ်ရပ်လုံးက လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် ပိုမိုကောင်းမွန်သောအနာဂတ်ကို ဖန်တီးတည်ဆောက်ကြရန်ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကိုဂုဏ်ပြုလျက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်

# မြန်မာစာရေးဆရာများ ကမ္ဘောဒီးယားနိုင်ငံတွင် အစည်းအဝေးများတက်ရောက်



**ဖနွမ်းပင် ဒီဇင်ဘာ ၉**

ကမ္ဘောဒီးယားနိုင်ငံ စာရေးဆရာအသင်း၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် အဖွဲ့သည် ဒီဇင်ဘာ ၆ ရက် ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ရောက်ရှိကြပြီး ဒီဇင်ဘာ ၇ ရက်တွင် Ministry of Culture and Fine Arts ခေတ္တဝန်ကြီး H.E. Hab Touch တက်ရောက်သော ကမ္ဘောဒီးယားနိုင်ငံ ပထမအကြိမ် အမျိုးသားစာဆိုတော်နေ့ (The 1st National Writer's Day 2024) အခမ်းအနားသို့လည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Hun Mani တက်ရောက်သော မဲခေါင် ခြောက်နိုင်ငံ စာပေယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစည်းအဝေးသို့လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် ဖနွမ်းပင်မြို့ရှိ Win-Win Memorial အထိမ်းအမှတ်ပြခန်း အစည်းအဝေးခန်းမ၌ ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး General Nem Sovath ဦးဆောင်ပြုလုပ်သောအစည်းအဝေးသို့ လည်းကောင်း တက်ရောက်သည်။

အဆိုပါ အစည်းအဝေးများတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌက စာပေယဉ်ကျေးမှု ဖလှယ်ရေး၊ မဲခေါင် ခြောက်နိုင်ငံ ပြည်သူများအပြန်အလှန် ချစ်ကြည်စွာ ဆက်ဆံနိုင်ရေးအတွက် စာပေစွမ်းအားဖြင့် အားထုတ်ကြိုးပမ်းကြရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

မြန်မာစာရေးဆရာအဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ၏ National Museum၊ Kamar Writer Association office နှင့် Royal Palace တို့သို့ သွားရောက်လေ့လာခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် Siem Reap မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)


Density 19.25 နှင့်အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၃၁၀၀၀၀ ကျပ်

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ**"အစွန်းရောက်အကြမ်းဖက်တွေရဲ့ တော်လှန်ရေးခေါင်းစဉ်အောက်မှာ အသက်၊ ငွေကြေး၊ ဘဝတွေ ရင်းနှီးနေရသောပြည်သူများ"**ခေါင်းစဉ်ဖြင့် ၁၁-၁၂-၂၀၂၄ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အဓမ္မဆက်ကြေးကောက်လမ်းစဉ်ကို ဖဝါးထပ်လိုက်လာတဲ့ အကြမ်းဖက် PDF တွေကြောင့် အညာဒေသမှ တောင်သူများ ဒုက္ခရောက်နေ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၉**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီးနောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာ ၁၁ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း သီရိလင်္ကာနိုင်ငံကမ်းလွန်-အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## အစိမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အုတ်ဖိုမြို့နယ် ဝါးဖြူချောင်းကျေးရွာနှင့် ချောင်းစောက်ကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်




တွင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝါးဖြူချောင်းကျေးရွာနှင့် ချောင်းစောက်ကျေးရွာတို့ကို ဒီဇင်ဘာ ၈ ရက်က မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ အုတ်ဖိုမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းရက်တွင် ဝါးဖြူချောင်းကျေးရွာနှင့် ချောင်းစောက်ကျေးရွာတို့၌ နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းမရှိကြောင်း၊ အဆိုပါကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာလည်း သတင်းမှားသာဖြစ်ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ထူးခြားသည့် ညအပူချိန်များ (၉-၁၂-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | သုည | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၁၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၁၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## သိန်းနီမြို့အနီး မြေငလျင်လှုပ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၉**

ယနေ့နံနက် ၃ နာရီ ၂၈ မိနစ် ၃ စက္ကန့်တွင် သီပေါမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၆၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သိန်းနီမြို့၏ အရှေ့မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၃၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒသမ ၀၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်တွင် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၉**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်တွင် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု ဒီဇင်ဘာ ၈ ရက်က လှုပ်ခတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါငလျင်သည် အလက်စကာပြည်နယ် တောင်ဘက်အကျဆုံးမြို့ဖြစ်သော အဒက်ခ်မြို့၏ ၄၈ ကီလိုမီတာအနက်ကို ဗဟိုပြု လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒ လေ့လာဆန်းစစ်မှုအရ သိရသည်။

အဆိုပါဒေသတွင် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူထိခိုက်မှု၊ အသေအပျောက်သတင်းများနှင့် ပတ်သက်၍ ချက်ချင်းအတည်ပြုနိုင်ခြင်း မရှိသေးကြောင်း၊ သို့သော် လမ်းများ၊ လူနေအိမ်များနှင့် အခြေခံ အဆောက်အအုံတချို့ ထိခိုက်ပျက်စီးခဲ့သည်ဟု ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

နောက်ဆက်တွဲ ငလျင်အသေးစားများ ထပ်မံလှုပ်ခတ်နိုင်သည့်အတွက် အလက်စကာပြည်နယ် နေဒေသခံများကို သတိပြုနေထိုင်ကြရန်နှင့် ခိုင်ခံ့မှုမရှိသော အဆောက်အအုံများနှင့် အနီးဝန်းကျင်တွင် မနေထိုင်ကြရန် ပြည်နယ်အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

## အစာရေစာပြတ်လပ်မှုကြောင့် Hwange National Park တွင် သေဆုံးသည့် ဆင်အကောင်ရေ ၁၂၃ ကောင်ထိ မြင့်တက်လာ

**ဟာရဲရေး ဒီဇင်ဘာ ၉**

ဇင်ဘာဘွေနိုင်ငံရှိ အကြီးဆုံးသော သဘာဝသစ်တောဥယျာဉ်ဖြစ်သည့် Hwange National Park တွင် ၂၀၁၉ ခုနှစ်အတွင်း မိုးခေါင်ပြီး အစာရေစာပြတ်လပ်မှုကြောင့် ဥယျာဉ်အတွင်းကျင်လည်ကျက်စားနေသော ဆင်မျိုးစိတ်များ ပြီးခဲ့သော ဩဂုတ်လမှ ဒီဇင်ဘာ ၈ ရက်ထိ သေဆုံးသည့် ဆင်အကောင်ရေမှာ ၁၂၃ ကောင်ထိ မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်မှုကြောင့် စားကျက်များ ပျက်စီးကာ သောက်သုံးရေလည်း ရှားပါးလာခြင်းကြောင့် ဆင်များ အစာအာဟာရပြတ်လပ်ကာ သေဆုံးလာခဲ့ရခြင်းဖြစ်ကြောင်း၊ ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်မှုကြောင့် နေရပ်ကို စွန့်ခွာနေရသည့် ပြည်သူအမြောက်အမြား ရှိနေပြီဖြစ်ကြောင်း သိရသည်။

“ပြီးခဲ့တဲ့ ဩဂုတ်လကတည်းက မိုးခေါင်ပြီး အစာရေစာပြတ်လပ်မှုကြောင့် Hwange National Parkမှာ ဆင်တွေ အလိုအလျောက် သေဆုံးမှုတွေ ရှိလာတယ်။ မိုးခေါင်ရေ ရှားပါးမှုပြဿနာဟာ ပိုပိုဆိုးလာတဲ့အတွက်ကြောင့် Hwange National Park အတွင်း ဆင်သေဆုံးမှုတွေ မြင့်တက်လာတယ်။ ဩဂုတ်လကနေ ဒီဇင်ဘာလ ၈ ရက်အတွင်း Hwange National Park မှာ ဆင်အကောင်ရေ ၁၂၃ ကောင်ထိ သေဆုံးသွားခဲ့ပြီ ဖြစ်ပါတယ်။ မိုးခေါင်တဲ့ ပြဿနာက ဆက်လက်ဖြစ်ပွားနေဆဲဖြစ်တဲ့အတွက် ဆင်သေဆုံးမှုတွေ ဆက်လက်မြင့်တက်လာနိုင်ပါတယ်” ဟု Parks and Wildlife Management Authority (Zim-Parks) အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဖာရာဝူက ပြောကြားခဲ့သည်။



**Ref : Russia Today**
**Trs : Sai Sat**

## အင်းဆက်များ၏ဂေဟစနစ်ကို ထိခိုက်စေနိုင်သော ကျူးကျော်အင်းဆက်မျိုးစိတ်ဖြစ်သည့် ပျားတူများ ဥရောပသို့ဝင်ရောက်လာ

**မက်ဒရစ် ဒီဇင်ဘာ ၉**

အင်းဆက်များ၏ ဂေဟစနစ်ကို ထိခိုက်စေနိုင်သော ကျူးကျော်အင်းဆက်မျိုးစိတ်ဖြစ်သည့် ပျားတူများ ဥရောပသို့ ဝင်ရောက်လာသည်ကို တွေ့ရှိရကြောင်း စပိန်နိုင်ငံမှ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး သုတေသနပညာရှင်များက ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါကျူးကျော်အင်းဆက်မျိုးစိတ်ဖြစ်သည့် ပျားတူများသည် အရွယ်အစားအားဖြင့် နှစ်လက်မကျော်ထိ ကြီးထွားကြကာ အိန္ဒိယ၊ တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်စသော အာရှနိုင်ငံများတွင် အဓိကကျက်စားသော အင်းဆက်မျိုးစိတ်ဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါပျားတူများသည် အောက်တိုဘာလကတည်းက ဥရောပသို့ရွှေ့ပြောင်းကျက်စားလာကြကြောင်း၊ ၎င်းကျူးကျော်မျိုးစိတ်ပျားတူများသည် ဒေသမျိုးရင်း ပျားမျိုးစိတ်များနှင့် အခြားသော အင်းဆက်များကို သတ်ဖြတ်စားသောက်လေ့ရှိကြောင်း၊ ၎င်းပျားတူများသည် အရွယ်အစားအားဖြင့် ကြီးသည်သာမကအဆိပ်လည်းပြင်းသဖြင့် အုပ်စုလိုက်အကိုက်ခံရပါက လူကိုသေစေသည်ထိဖြစ်စေနိုင်ကြောင်း စပိန်နိုင်ငံမှ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

အဆိုပါ ပျားတူများသည် ဒေသမျိုးရင်းပျားများ၊ လိပ်ပြာများ၊ ဖလံများနှင့် ယင်ကောင်များကို ပြင်းပြင်းထန်ထန် အမဲလိုက်စားသောက်ခြင်းကြောင့် ဒေသတွင်း ဂေဟစနစ်၏ ဟန်ချက်ညီမှုကို ထိခိုက်စေနိုင်ကြောင်း၊ ပျားကောင်ရေ ကျဆင်းလာခြင်းသည် ပျားရည်ရရှိမှုကို ထိခိုက်စေနိုင်ပြီး အပင်နှင့် သီးနှံအများအပြား မှီခိုနေရသော ဝတ်မှုန်ကူးရေးလုပ်ငန်းစဉ်များကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း၊ ထို့ပြင် ပျားမွေးမြူရေးကဏ္ဍကို ဆိုးရွားစွာထိခိုက်မှုများ ဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါ ပျားတူများ၏ အသိုက်ကို ကြိုးစားရှာဖွေ ရှင်းလင်းနေကြောင်း စပိန်နိုင်ငံ အိုဗီဒိုတက္ကသိုလ်မှ သတ္တဗေဒပါမောက္ခ အိုမာဆန်းချက်၏ ပြောကြားချက်အရ သိရသည်။

**Ref : Sputnik News**
**Trs : KZ**

## မလေးရှားနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ပါကစ္စတန်နိုင်ငံက လူသားချင်းစာနာမှုဖြင့် ပထမဆုံးအကြိမ် အထောက်အပံ့ပစ္စည်းများပေးပို့

**ကွာလာလမ်ပူ ဒီဇင်ဘာ ၉**

ပါကစ္စတန်နိုင်ငံက လူသားချင်းစာနာထောက်ထားမှုဖြင့် ပထမဆုံးအကြိမ် ပေးပို့လာသည့် အထောက်အပံ့ပစ္စည်းများကို ဒီဇင်ဘာ ၈ ရက်တွင် ကွာလာလမ်ပူမြို့သို့ ရောက်ရှိခဲ့ကြောင်း မလေးရှား National Disaster Management Authority (NDMA) အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မလေးရှားနိုင်ငံတွင် နိုဝင်ဘာလ နောက်ဆုံးပတ်မှ ဒီဇင်ဘာလ ပထမပတ်ထိ ပြည်နယ်ကြီးခြောက်ခုတွင် ဆိုးရွားသောရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသောကြောင့် သေဆုံးသူဦးရေ ၃၀ ထက်မနည်းရှိခဲ့ပြီး အခြေခံအဆောက်အအုံများနှင့် လူနေအိမ်ခြေများ ပျက်စီးခဲ့ရကြောင်း၊ ပြည်နယ်တချို့တွင် ရေဘေးအန္တရာယ် တည်ငြိမ်သွားပြီဖြစ်သည့်အတွက် နေရပ်သို့ ပြန်ခွင့်ရပြီဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရေဘေးဒဏ်သင့်ပြည်သူများကို ကူညီထောက်ပံ့ရေးအတွက် ပါကစ္စတန်အစိုးရက မလေးရှားအစိုးရထံ ပြီးခဲ့သော နိုဝင်ဘာ ၃၀ ရက်ကတည်းက ကမ်းလှမ်းခဲ့ခြင်းဖြစ်သကဲ့သို့ နှစ်နိုင်ငံအစိုးရကြား ဆွေးနွေးမှု ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံမှ ပေးပို့လာသော အထောက်အပံ့ပစ္စည်းများကို National Disaster Management Authority (NDMA) အဖွဲ့အစည်းမှ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံရယူခဲ့ပြီး အဆိုပါ အထောက်အပံ့ပစ္စည်းများမှာ စုစုပေါင်း တန်ချိန် ၄၀ ရှိပြီး ၎င်းပစ္စည်းများတွင် ရေဘေးဒဏ်သင့် ပြည်သူများအတွက် ယာယီရွက်ဖျင်တဲများ၊ ခြင်ထောင်များ၊ အသက်ကယ်အင်္ကျီများနှင့် ရေဘေးအန္တရာယ်ဖြစ်ပေါ်နေစဉ် ကာလအတွင်း အသုံးပြုနိုင်မည့် အသုံးအဆောင်ပစ္စည်းများ အများအပြားပါဝင်ကြောင်း National Disaster Management Authority (NDMA) အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ယာလာမြို့တွင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ထိုင်းလွှတ်တော်တင်ပြသွားရန် စီစဉ်နေ

**ဗန်ကောက် ဒီဇင်ဘာ ၉**

ထိုင်းနိုင်ငံ ယာလာပြည်နယ် ယာလာမြို့တွင် နှစ်စဉ်နှစ်တိုင်း ရင်ဆိုင်နေရသည့်ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရသည့် ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ယာလာမြို့တော်ဝန်က ယာလာပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြကာ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတားအဆီးများ တည်ဆောက်သွားရန်နှင့် ရေရှည်အသုံးပြုနိုင်မည့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတားအဆီးများ တည်ဆောက်သွားနိုင်ရေး ဘတ်ဂျက် ရရှိရန်အတွက် ထိုင်းလွှတ်တော်သို့ တင်ပြသွားရန် စီစဉ်နေကြောင်း ယာလာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

ယာလာမြို့ ရေကြီးရေလျှံမှု တားဆီးရေးအတွက် ခရွန်ပီနန်ရေလှောင်တမံနှင့် ကူမင်ရေလှောင်တမံတို့ တည်ဆောက်သွားရန်အတွက် ယာလာမြို့တော်ဝန်ရုံးက ယာလာပြည်နယ်အာဏာပိုင် အဖွဲ့အစည်းထံ အဆိုတင်သွင်းရန်စီစဉ်နေပြီဖြစ်သကဲ့သို့ ယာလာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ တစ်ဆင့် ထိုင်းလွှတ်တော်တွင် အဆိုတင်သွင်းနိုင်ရန် စီစဉ်လျက်ရှိသည်။

ယာလာမြို့သည် ဗိုင်ဘူရီမြစ်နှင့် ပက်တာနီမြစ်တို့ကြားတွင် တည်ရှိသည့် မြို့ဖြစ်ပြီး ခရွန်ပီနန်ရေလှောင်တမံနှင့် ကူမင်ရေလှောင်တမံကို တည်ဆောက်သွားရန် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်ကတည်းက ယာလာမြို့ အာဏာပိုင်အဖွဲ့အစည်းက ထိုင်းအာဏာပိုင် အဖွဲ့အစည်းသို့ အဆိုတင်သွင်းခဲ့ဖူးသည်။ သို့သော် ခွင့်ပြုချက်မရသည့်အတွက် ရေလှောင်တမံများ တည်ဆောက်နိုင်ခြင်းမရှိခဲ့ဘဲ ယခုတစ်ဖန် နှစ်ပေါင်း ၅၀ သက်တမ်းရှိနေသည့် အဆိုပြုချက်ကို ထပ်မံအဆိုပြုတင်သွင်းရန်စီစဉ်လာခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

ဝတ္ထုတိုကဏ္ဍ

# သူငယ်ချင်းမည်သောရေစီးကြောင်းကလေး

ကျွန်းစဉ်မြေစောခက်



ရခိုင်ဒေသ မိုးတွင်းကာလပင်ဖြစ်သော်လည်း ယနေ့ ထူးထူးဆန်းဆန်း နေသာသလို ရှိနေ၏။ ကျောင်းပိတ်ရက်ဖြစ်ရာ ဘညွန့်၊ ခင်မောင် နှင့် ငကျန် တို့ သုံးယောက် ရွာလယ်ဇရပ်ကြီးတွင် ဆုံမိကြ၏။ သူတို့သုံးယောက်မှာ အတန်းတူဖြစ်ကြပြီး အိမ်နီးနားချင်းတွေလည်း ဖြစ်ကြ၏။

"တို့ ဒီနေ့ တစ်နေရာသွားကြရအောင်ကွာ"

"သွားမယ်ဆို လှေလှော်သွားတဲ့ နေရာပဲ သွားချင်တယ်ကွာ"

" အဲလိုဆို တို့ ကန်ပြင်ကျွန်းသွားကြမယ်လေ"

"မင်း လမ်းသိလို့လား"

"သိတာပေါ့ကွာ။ ဖေကြီးနဲ့ ဇီးကိုင်းကျွန်းသွားတုံးက ဒိုးကန်းချောင်းဆိုတာကို ပြတယ်။ အဲဒီချောင်းအတိုင်းဝင်သွားရင် ကန်ပြင်ကျွန်းရောက်တယ်တဲ့"

"ကန်ပြင်ကျွန်း ဘာသွားလုပ်မှာလဲကွာ"

"ဟေ့ကောင် ငတုံး၊ ကန်ပြင်ကျွန်းမှာ ဒီရာသီကြာတွေ၊ ပေါမှပေါတဲ့။ အဲဒီကန်ပြင်ဆည်ကြီး အနီးညောင်မုတ်ဆိတ် ချုံထဲမှာ ငှက်သိုက်တွေ အများကြီးပဲတဲ့"

သူငယ်ချင်းသုံးယောက် လှေဆိပ်သို့ ဆင်းလာကြပြီး ဝါးခြမ်းပြား ထူထူလေးတွေ ရှာယူကာ လှော်တက်အဖြစ် အသုံးပြုရန် ကြံရွယ်ကြ၏။ ခင်မောင်က ဆရာကြီးလုပ်ပြီး ပဲ့ကိုင်ပေး၏။ ဘညွန့်က လှေဦးပိုင်းက လှော်သည်။ ငကျန်မှာ အလယ်က ထိုင်ပြီး လှေလည်းလှော် ရေလည်းပက်ထုတ်၏။ သူငယ်ချင်းသုံးယောက် လှေကလေးကို ဖိလှော်လိုက်ကြရာ လုံးထွင်းလှေကလေးမှာ ချောင်းရေပြင်တွင် ခပ်သွက်သွက်ပြေးနေပေတော့သည်။

ကျွန်းစဉ်ဒေသမှာ ဒီရေရောက်တောပန်းများထဲ ဖြတ်သန်းစီးဝင်နေကြသော မြစ်ချောင်းများနံဘေးတွင် ရပ်ရွာတည်ထောင်ပြီး နေထိုင်ကြခြင်းဖြစ်၍ အိမ်ပေါ်က အိမ်အောက်သို့ဆင်းလျှင် ချောင်းကို တွေ့သည်၊မြစ်ကို တွေ့သည်။ သို့ဖြစ်၍ အိမ်တိုင်းလိုလိုတွင် လှေရှိကြသည်။ ကလေးများမှာလည်း အသက်ဆယ်နှစ်အရွယ်ဆိုလျှင် ရေကူးတတ်ကြသည်။ လှေလှော်တတ်ကြသည်။

သူတို့ တစ်နာရီလောက် ကြိုးစားပန်းစားလှော်မိကြချိန်တွင် ဒိုးတန်းချောင်းကလေးထဲသို့ လှော်ဝင်မိခဲ့ကြလေပြီ။ ဒိုးတန်းချောင်းမှာ ချောင်းဖျားတွင် ပိုမို ကျဉ်းလာသဖြင့် ဓနိခင်းများ ဖြူးရုံတောများကိုလှေဦး မကြာမကြာ တိုးဝင်မိသဖြင့် ဓနိလက်များကို တွန်းကန်ပြီး ပြန်ပြန်ထုတ်ရသည်။ ဒိုးတန်းချောင်းမှ အထွက်မှာ ရေပြင်ကျယ်ကြီးတစ်ခုကို လှမ်းမြင်လိုက်ကြရသည်။

"ဟိုမှာ တွေ့လား။ အဲဒီ လယ်ကွင်းကြီးဟာ ကန်ပြင်ကျွန်းပဲ"

"မင်း သိလို့လား"

"အဖေကြီးက ပြောတယ်။ ဒိုးတန်းချောင်းက ထွက်ရင် လက်ယာဘက်က မြင်ရတဲ့ လယ်ကွင်းဟာ ကန်ပြင်ကျွန်းပဲတဲ့"

သူတို့ ကျွန်းဆီသို့ ဦးတည်လှော်ခတ်လိုက်ကြရာ သိပ်မကြာခင် ရေငန်တား တာပေါင်ရိုးကြီးတစ်ခုကို ရောက်ခဲ့ကြလေပြီ။ ဆားငန်ဒီရေမှာ ရေကြီးရေထရက်ဖြစ်၍ တာပေါင်ရိုး သုံးပုံတစ်ပုံအမြင့်လောက်ထိ နစ်မြုပ်နေပေသည်။ လှေဦးက လှော်လာသူ ဘညွန့် လှေကြိုးကို ဆွဲကိုင်ပြီး ကမ်းသို့ တက်ကာ အနီးရှိ ဆလီချုံကိုင်းတစ်ခုတွင် လှေကြိုးကို ဆွဲချည်လိုက်သည်။ သုံးယောက်စလုံး တာပေါင်ရိုးပေါ်ရောက်ချိန်တွင် ကန်ပြင်ကျွန်းကို ဟိုဟိုသည်သည် လှမ်းကြည့်လိုက်ကြ၏။

"လယ်ကွင်းပြင်ကြီးက အကျယ်ကြီးပဲနော်"

" ဟုတ်တယ်ကွာ တဲတွေလည်း ဟိုနားတစ်လုံး၊ ဒီနားတစ်လုံး အဝေးကြီးပဲ။ ဟိုမှာ ကွင်းလယ်က ဆည်ကြီးကတော့ ကန်ပြင်ဆည်ကြီးဖြစ်လိမ့်မယ်"

သုံးယောက်စလုံး လယ်ကွင်းထဲသို့ ဆင်းပြီး လယ်ကန်သင်းရိုးအတိုင်း လျှောက်လိုက်ကြသည်။ ကန်ပြင်ကျွန်းလယ်ကွင်းမှာ ကောက်ကြီးစပါးစိုက်သော လယ်ကွင်းပြင်ဖြစ်သည်။ သည်နှစ်တွင် နှောင်းမိုးကောင်းသဖြင့်ကောက်ကြီးစပါးပင်များ သန်လွန်းလှသည်။

"ဟိုမှာ ဟိုမှာ တွေ့ပြီ တွေ့ပြီ ကြာတွေ အများကြီးပဲ"

ဘညွန့် ညွှန်ပြရာသို့ ပြိုင်တူ ကြည့်လိုက်ကြ၏။ ဆည်ရေပြင်ကြီးတစ်ခုလုံးကို ကြာရွက်များဖြင့် ဖုံးအုပ်ထားသလို ရှိဘိ၏။ ကြာဖြူ၊ ကြာနီ ပွင့်ငုံများမှာ ကြာရွက်များပေါ် စီးမိုးကာ ထိုးထိုးထောင်ထောင် လှဂုဏ်ဆောင်နေကြ၏။

"ဟာ အားရစရာကြီးကွာ ဆင်းပြီဟေ့ ဗွမ်း"

ခင်မောင်သည် ဆည်ထဲသို့ ခုန်ဆင်းပြီး ရေလယ်သို့ ကူးခပ်သွား၏။

"ဗွမ်း...ဗွမ်း"

ဘညွန့်နှင့်ငကျန်တို့ တစ်ယောက်ပြီး တစ်ယောက် ခုန်ဆင်းကာ ကူးခပ်သွားကြသည်။ ရေလယ်သို့ ကူးခပ်ကြခြင်းမှာ ရေလယ်သည် ရေနက်ပိုင်းဖြစ်၍ ကြာရိုး ကြာစွယ် အရှည်ကြီးတွေ ရလို၍ပင်ဖြစ်ပေသည်။ သုံးယောက်စလုံး ကြာပန်းများကို ကူးခပ်ပြီး ခူးကြ၏။ ရသမျှကို ဆုပ်ကိုင်ထားကြ၏။ လက်တွင် ပြည့်လာလျှင် ချိုင်းကြားတွင်ညှပ်ပြီး ကျန်လက်တစ်ဖက်ဖြင့် ကူးခပ်ဆွဲနုတ်ယူပြန်သည်။

"ငါတော့ ဒီမှာ ပြည့်နေပြီဟေ့ ကမ်းကူးပြီး သွားထားလိုက်အုံးမယ်"

"အေး ငါလဲ ပြည့်နေပြီကွ"

ခင်မောင်နှင့် ငကျန် နှစ်ယောက် ကမ်းစပ်သို့ ကူးခပ်သွားကြပြီး ကြာပန်းများကို ဆည်စပ်တွင် ပုံထားလိုက်ကြ၏။

"ဟေး လာကြပါအုံးဟ ငါ့ခြေထောက် ကြာနွယ်တွေ ရစ်နေပြီ။ ငါ ရေကူး မရတော့ဘူး။ ဝူး... ဝူး...ဝူး"

ဘညွန့် အော်သံကြောင့် ခင်မောင်နှင့် ငကျန်တို့ ဘညွန့်ဆီ ချက်ချင်းကူးခပ်သွားကြသည်။ ဘညွန့်မှာ ပါးစပ်ထဲရေတွေဝင်ပြီး ဝူးဝူးဝါးဝါး ဖြစ်နေပေပြီ။ ငကျန်က ဘညွန့် ဆီက ကြာပန်းများကို ဆွဲယူပြီး ချိုင်းတွင် ညှပ်ထားကာ ကျန်လက်တစ်ဖက်ဖြင့် ငကျန်ကိုဆွဲကူ၏။ခင်မောင်ကရေအောက်သို့ထုတ်ပြီး ဘညွန့် ခြေထောက်တွင် ရစ်ပတ်နေသည့် ကြာနွယ် ကြာရိုးများကို ဖြုတ်ပေး၏။ နောက် ဘညွန့်ကို တွဲကူပြီး ကမ်းစပ်သို့ ကူးခပ်လာကြ၏။ ကမ်းသို့ ရောက်လျှင် လယ်ကန်သင်းပေါင်ပေါ် ထိုင်ပြီး အနားယူလိုက်ကြ၏။

"ဘညွန့် မင်းတော်တော် ပင်ပန်းသွားတယ် မဟုတ်လား"

"အေးပေါ့ကွာ ငါရေတွေတောင် သောက်သွားရတယ်။ တော်တော် မွန်းကျပ်သွားတယ်"

"ကဲ ဟုတ်ပြီ တို့ ကြာပန်း မခူးနဲ့တော့ကွာ။ တော်တော်ရထားပြီပဲ တော်လောက်ပြီ"

"ဟုတ်ပြီ ဟုတ်ပြီ။ ကြာပန်းတော့ မခူးတော့ဘူး။ မင်းတို့ ဟိုမှာကြည့်လိုက်ကြ။ ဆည်ကမ်းစပ်မှာ ညောင်ချုံကြီးတွေ့တယ် မဟုတ်လား။ ညောင်မုတ်ဆိတ်တောကြီးပဲ"

"အေး ဒါဆိုသွားကြမယ်ကွာ"

ကြာပန်းများကို လည်ပင်းမှာ တွဲလောင်းချပြီး ညောင်ချုံတောကြီးသို့ ဆက်သွားကြ၏။

"ဟာ ငှက်သိုက်တွေ အများကြီးပဲ ဟေ့ တွေ့လား"

"ကဲ ကြာတယ်ကွာ။ တစ်ယောက်တစ်ပင်တက်မယ်"

ကြာပန်းများကို ပင်ခြေရင်းတွင် ပုံထားခဲ့ကြပြီး သူတို့ သစ်ပင်တွေပေါ် တက်လိုက်ကြသည်။ ငှက်သိုက်ရှိရာ ရွက်အုပ်များသို့ ကိုယ်စီလျှောက်လိုက်ကြ၏။ ငှက်သိုက်များမှာ အုန်းသီးလုံးလောက်ရှိပြီး ငှက်မများ ဝင်ရာထွက်ရာ အပေါက်ကလေးတစ်ပေါက်သာရှိသည်။ ဘညွန့်က ငှက်သိုက်တစ်သိုက်ကို နှိုက်လိုက်သည်။ လက်ကို ပြန်ဆွဲထုတ်ယူလိုက်ရာ ငှက်ကလေး နီတာရဲကလေးတစ်ကောင်ပါလာသည်။

" ဟေ့ ဒီမှာ ငှက်ကလေး"

"မင်း ခါးပိုက်ထဲ ထည့်ထားလေ။ ငါလဲ နှိုက်ကြည့်လိုက်မယ်"

ခင်မောင် ငှက်သိုက်ကို နှိုက်လိုက်သည်။

" ဟာ ဒီမှာလဲ ငှက်ကလေးဟေ့"

" ဒီမှာလဲ တွေ့တယ်ကွ"

သူငယ်ချင်းသုံးယောက် ဟိုအသိုက်၊ ဒီအသိုက် လိုက်နှိုက်ကြရာ၊ ဆက်ရက်ကလေး တစ်ယောက် ငါးကောင်စီရရှိကြသည်။ ဆက်ရက် ငှက်မများမှာ သားသမီးကြောင့် ဟိုပင်၊ သည်ပင် ခုန်ပျံကာ အော်မြည်နေကြ၏။

" ဒီနေ့တို့တွေတော့ ဟန်ကြပြီကွာ၊ ငှက်ကလေးတွေလဲ ရတယ်။ ကြာပန်းတွေလဲ အများကြီးပဲ"

ကြာပန်းများကို လည်ပင်းတွင် တွဲလောင်းချပြီး တင်လိုက်ကြ၏။ ငှက်ကလေးများကို ခါးပိုက်ထဲ ထည့်လိုက်ကြ၏။ လယ်ကွင်းကအပြန်တွင် အပျော်စိတ်ကြောင့်ပဲ ထင်ပါသည်။ သူတို့ခြေလှမ်းတွေ သွက်လွန်းနေကြသည်။ ရေငန်တာတမံရိုးကြီးသို့ အရောက်တွင် တမံရိုးကိုတွယ်ချိတ်တက်လိုက်ကြပြီး လှေချည်ထားခဲ့သော နေရာသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြ၏။

"ဟင်"

"ဟာ"

"သွားပြီကွာ"

ရှုံ့လတာပြင်သို့ သုံးယောက်စလုံး ပြေးဆင်းလိုက်ကြ၏။ ပေလေးဆယ်ဝန်းကျင်ခန့်ရှိ ဆလီချုံကြီးထိပ်ဖျားတွင် တင်နေသော လှေကလေးကို မော့ကြည့်ပြီး ရင်ထဲတွင် ခံစားသွားရသည်။

"အဲဒါ ပြဿနာကွာ။ တို့တွေ ဒီရောက်စက ရေပြည့်ချိန်ကိုးဟ။ ဒါကို မစဉ်းစားမိဘဲ ဆလီခက်ပေါ်ချီထားခဲ့ကြတာလေ။ ရေတက်လာမယ်ဆိုတာ တို့ သတိမထားခဲ့ကြလို့ဘဲ။ ဒီလှေကို တို့ ဘယ်လိုမှ ချလို့မရနိုင်တော့ဘူး။ ဆလီချုံနားကပ်လိုက်တာနဲ့ ဆလီဆူးက ချိတ်ကြ၊ ဆွဲကြတော့မှာ။ တို့ ဘယ်လိုလုပ်ကြတော့မလဲ။ ငါတော့ ငိုချင်လာပြီ"

ငကျန် အပြောတွင် ငိုသံပါနေသည်။

"ဟေ့ကောင် ငိုနေလို့ရမှာလားဟ။ တို့ ဒီလိုလုပ်မယ်"

"ကဲ ဘညွန့် မင်းအကြံပြော"

" တို့ ဟိုမှာတွေ့လား။ ဟို အဝေးမှာ မြင်နေရတဲ့ ဘုရားစေတီ။ အဲ ဒါ တို့ရွာတောင်ပေါ်ကပဲ။ ဒီဘုရားကို မှန်းပြီး တို့လျှောက်ကြမယ်။ ကြာပန်းတွေကိုတော့ တမံရိုးပေါ် ပုံထားခဲ့ကြမယ်။ မနက်ဖြန်မှ လာယူကြမယ်လေ"

"မင်းပြောတာ မဆိုးဘူး။ ဒီငှက်ကကလေးတွေကကော"

" ဒီငှက်ကလေးတွေကိုတော့ ဟိုနားက သစ်ခွပင်အောက်မှာ သစ်ရွက်တွေနဲ့ ဖုံးထားခဲ့မယ်လေ"

သုံးယောက်စလုံး တမံရိုးကြီးပေါ် ပြန်တွယ်တက်

စာမျက်နှာ ၂၇ သို့ ➤

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ကျိုက်လတ် ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၇၈၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ငါးရံ့ခြောက်ပိဿာချိန် ၅၂၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးရံ့ခြောက်ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်မြို့နှင့်အခြားဒေသများက ဝယ်ယူမှုကောင်းခြင်းကြောင့် တင်ပို့ရောင်းချမှုကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ငါးခြောက်အစုံကို ရန်ကုန်နဲ့အခြားဒေသတွေကိုတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်းငါးရံ့ခြောက်ပိဿာချိန်၇၈၀၀၀ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေပါတယ်။ ဈေးကတော့ ငါးခြောက်အကြီးအသေး အပေါ်မူတည်တာပေါ့။ အခုလို အရောင်းအဝယ်ကောင်းလာတာက ပြည်ပဈေးကွက်တင်ပို့တာနဲ့ ပြည်တွင်း ဝယ်ယူစားသုံးမှုများတာကြောင့် ဖြစ်ပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုထံမှ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၆ မှအဆက်

လိုက်ပြီး ကြာပန်းများနှင့် ငှက်ကလေးများကို နေရာတကျထားလိုက်ကြသည်။

"ငါတော့ ဗိုက်ကလဲ ဆာနေပြီ။ ညလဲ မှောင်လာပြီ။ ဘယ်လိုလုပ်ကြမလဲ။ ဒုက္ခပဲ"

"ဟော့ကောင် ငကျန် မင်းကအဲလိုပဲ အမြဲတမ်း အားငယ်တတ်တယ်။ ရွာရောက်ရင် ထမင်းစားရမှာပေါ့"

"ဖြုတ်ကလဲ ကိုက်လိုက်တာကွာ။ ကုတ်လို့ကို အားမရဘူး။ ယားလိုက်တာ"

"ဟော့ကောင် ခင်မောင် မင်းကပါ ညည်းလာပြန်ပြီလား။ တို့တွေလာတုန်းက လာနိုင်ကြပြီး၊ အခက်အခဲဖြစ်ရင်လဲ ခံနိုင်ရမှာပေါ့ကွာ"

သူငယ်ချင်း သုံးယောက် ဒီရေရောက်တောတန်းကို ဖောက်ပြီးဒိုးတန်းချောင်းသို့ ဆင်းလိုက်ကြသည်။ လာကြတုန်းက ရေပြည့်ချိန်မို့ လှေလှော်လာခဲ့ကြသည်။ ခု ဒီရေခန်းချိန်ဆိုတော့ ချောင်းရိုးတစ်လျှောက် ရွှံ့ဗွက်အတိဖြစ်နေတော့သည်။ ရွှံ့ပျော့မြေဖြစ်သည့်အတွက် နင်းချလိုက်တိုင်းဒူးဆစ်အထိ ကျွံဝင်သွားသည်။ ဒိုးတန်းချောင်း တစ်ဖက်ကမ်းသို့အရောက်တွင် ခနိတောကို ဖြတ်သန်းပြီး ရွှံ့လတာပြင်ထဲ ဆက်လျှောက်ကြရပြန်၏။

"ဟော့ကောင်တွေ ငါ့ကို တွဲခေါ်ကြပါအုံးကွာ။ ငါခြေလှမ်းလို့ မရတော့ဘူး"

"ငကျန်ရေ မင်းစိတ်ဓာတ်မကျနဲ့လေကွာ။ ကဲ လာ လာ"

ဘညွန့်နှင့် ခင်မောင်က ငကျန်ကို တွဲခေါ်လိုက်ကြသည်။ ရွှံ့လတာပြင် အလွန် ရွာခံမြေမာကို နင်းမိချိန်တွင် မိုးချုပ်ခဲ့လေပြီ။ သင်္ချိုင်းကုန်းအနီးတာလမ်းနံဘေးက ဖြတ်လျှောက်မှသာ ရွာသို့ ရောက်ပေမည်။ သုံးယောက်စလုံး ရင်ထိတ်နေကြ၏။ သင်္ချိုင်းကုန်းအနီးသို့ အရောက်တွင် သူငယ်ချင်းသုံးယောက် တစ်ယောက်လက်တစ်ယောက်တွဲကာ အရဲစွန့်ပြီး ရွာထဲသို့ ပြေးဝင်ခဲ့ကြလေတော့သည်။ ညမှောင်မှောင် လူခြေတိတ်ချိန်မို့ တစ်ရွာလုံးလိုလို တိတ်ဆိတ်နေခဲ့ပေပြီ။ သုံးယောက်စလုံးကိုယ်အိမ်ကို တိတ်တိတ်ကလေး ဝင်သွားကြ၏။

"ဖုန်း အောင်မယ်လေး"

"ဖုန်း သေပါပြီဗျ"

"နောက် အဲသလို လုပ်အုံးမလား"

"ဖုန်း မလုပ်တော့ပါဘူး အဖေကြီးရဲ့"

သိပ်တောင်မကြာ ငကျန်ကို သူ့အဖေ ရိုက်သံ၊ ငကျန် အော်သံတို့မှာ ညဥ့်ယံကို ထိုးဖောက်ထွက်ပေါ်လာသည်။ ခင်မောင်တို့ အိမ်က ဘာသံမှ မကြားရ။ ခင်မောင်မှာ အဘိုးအဘွားတို့နှင့် နေသည်ဖြစ်၍ မြေးအနှစ်ကို အချစ်ကြီး ချစ်ပြီး ခင်မောင်ဘာပဲလုပ်လုပ် မပြောကြ။

"သားတအားပင်ပန်းလာပြီ မဟုတ်လား။ သွား ရေချိုး ထမင်းစား"

ဘညွန့်တို့ အဖေမှာ သားကို သည်မျှသာ ပြောပြီး ရေနံဆီ မီးခွက် အလင်းရောင်အောက်တွင် ငုတ်တုတ်ထိုင်နေ၏။

နောက်တစ်နေ့ နံနက်ခင်းသည်လည်း မိုးဖွဲကလေး မပီတပီ ရွာနေသည်မှ အပ သာယာသလိုရှိနေ၏။

"သားရေ လာပါအုံး"

" ဟုတ်ကဲ့ လာပါပြီ"

"သားတို့အဖြစ်အပျက်ကို ငကျန်အဖေကို စောထွန်းပြောပြထားလို့ အဖေ အကုန်လုံးသိထားပြီ။ သားတို့ယူသွားတဲ့လှေကိုလဲ ညတုန်းက တန်းပြီး အဖေကြီးနှင့် ကိုစောထွန်း သွားယူထားကြလို့ ခု ရွာ ရောက်နေပြီ"

သူ့အဖေစကားကြောင့် ဘညွန့် ကျိတ်ပြီးဝမ်းသာသွားသည်။

"သားတို့ယူသွားတဲ့ လှေက ဦးအောင်ချမ်းသာတို့ လှေလေ။ သားတို့ယူသွားလို့ သူတို့လဲ မနေ့ကတည်းက လယ်ဆင်းမဲ့ဟာ မဆင်းရဘူး။ ဘယ်လောက် အားနာဖို့ကောင်းသလဲ။ ကန်ပြင်ဆည်ကြီးထဲ ကြာပန်းခူးရင်း သားခြေထောက် ကြာနွယ်တွေ ရစ်ခဲ့သေးတယ်ဆို။ အဲဒါ သားခြေထောက်ကို ဆွဲဖြုတ်လို့ မရရင် သားသေမှာ။ နောက်တစ်ခါ သားတို့ ငှက်ကလေးတွေ သွားနှိုက်ကြသေးတယ် မဟုတ်လား"

ဘညွန့် သူ့အဖေကို တစ်ချက် မော့ကြည့်ပြီး ခေါင်းညိတ်လိုက်၏။

" အဲဒါ ပိုဆိုးတာပေါ့ သားရယ်။ သားတို့ အဲဒီ အမွေးအတောင် မစုံသေးတဲ့ ငှက်ကလေးတွေ ယူလာကြတော့ သူတို့ခများလေးတွေ ဘယ်လောက်တောင် ဒုက္ခရောက်ကြမလဲ။ ငှက်မကြီးတွေကော သားသမီးတွေ ချစ်ဇောနဲ့ ဘယ်လောက်ထိ ပူဆွေးနေကြမလဲ။ မိဘဆိုတာ သားသမီးကို သိပ်ချစ်ကြတာလေ သားရဲ့"

ဘညွန့် ငှက်သိုက်နှိုက်စဉ်က ပျံဝဲကာ အော်မြည်နေကြသော ငှက်မကြီးများ၏ အဖြစ်ကိုမြင်ပြီး ရင်ထဲမကောင်း ဖြစ်နေမိတော့သည်။

"နောက်ပြီး သားတို့ ညမှောင်မှောင်ထဲမှာ ဒီရေတောတွေ ရွှံ့တောကြီးတွေ ဖြတ်ပြီး စမ်းတဝါးဝါး လာခဲ့ကြတာ လမ်းမှားပြီး တစ်နေရာရောက်သွားရင် ဘယ်နှယ့်လုပ်ကြမလဲ။ လူကြီးတွေတောင် တော်ရုံနဲ့ ဒီလမ်းက သွားကြတာ မဟုတ်ဘူး။ သားတို့အဖြစ်ကို တွေးပြီး အဖေကြီး ရင်တုန်လိုက်တာကွယ်"

"အမှန်တော့ ဒီကိစ္စမှာ သားကို အဖေ ရိုက်ရမှာ။ ဒါပေမဲ့ မရိုက်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ အဖေရိုက်လိုက်ရင် သားဟာ အသားနာရုံပဲ ရှိမယ်။ ဒါပေမဲ့ ဒီဖြစ်ရပ်အတွက် သားမှာ ဘာသင်ခန်းစာမှ ရမှာ မဟုတ်ဘူး။ အမှားနှင့် အမှန်၊ အဆိုးနှင့် အကောင်း ခွဲခြားပြီး စဉ်းစားတတ်မှာမဟုတ်ဘူး။ ခု သားတို့ လုပ်ရပ်ထဲမှာ အမှားထဲ က အမှန်ရှာဆိုသလို အဖေ သဘောကျတာတွေလဲ ရှိတယ်"

ဘညွန့် သူ့အဖေကို စိတ်ဝင်တစားမော့ကြည့်လိုက်သည်။

" ဘာလဲဆိုတော့ သားတို့ဟာ တက်မရှိပေမဲ့ ဝါးခြမ်းပြားကလေးတွေနဲ့ လှေတစ်စီးကိုလှော်ပြီး လိုရာ ခရီးကို အရောက်သွားနိုင်ခဲ့ကြတယ်လေ။ နောက်တစ်ချက်က သားခြေထောက်ကို ကြာရိုး၊ ကြာနွယ်တွေ ရစ်ပတ်ပြီး ကူးမရ ခက်မရ ဖြစ်နေတော့ သားသူငယ်ချင်းတွေ လက်တွဲကူပြီး သားကို ကူညီခဲ့ကြတယ်လေ။ နောက်တစ်ခုက ငကျန်ဟာ စိတ်အားငယ်တတ်သူပီပီ မိုးချုပ်လာတော့ ရွှံ့ကလဲကျွံ ဗိုက်ကလဲဆာတော့ အားငယ်စိတ်တွေ ဖြစ်လာတဲ့ အချိန်မှာ သူ့ကို အားဖြည့်စကားပြောပြီး ဖေးဖေးမမ ကူညီခဲ့ကြတာဟာ စည်းလုံးမှုသဘောကို ဖော်ဆောင်ပြီး အိမ်သို့ အရောက်လာခဲ့တယ် မဟုတ်လား။ နောင်လဲ သားတို့ရဲ့ အရည်အသွေးမှန်တဲ့ အရည်အချင်းတွေကို မှန်ကန်တဲ့ လုပ်ရပ်တွေမှာ အသုံးချနိုင်ကြပါစေကွယ်"

ဘညွန့်၏ မျက်နှာပြင်ကလေးမှာ ပကတိ ဖြူစင်သည့် အပြုံးပန်း ငွားငွားစွင့်စွင့် ဖူးပွင့်သွားပါလေတော့သည်။

## အမျိုးသားအားကစားပွဲတော် အတူနွှဲပျော်

\- တို့နိုင်ငံ အားကစား
အလေးထားဆောင်ရွက်ကာ၊
နိုင်ငံ့ဂုဏ် မြင့်မားစေဖို့
မြှင့်တင်လို့သာ၊
ဘောလုံးနှင့် ခြင်းပညာ
ဘော်လီဘောပါ တူယှဉ်တွဲ၊
အားကစားနည်းအစုံ ပွဲခင်းလို့
ကျင်းပအမြဲ။

\- ညီညွတ်ကာ လက်တွဲလို့
အခက်ခဲမရှိ ယှဉ်ကာပြိုင်၊
အနိုင်ရှုံးကို ပဓာနမထား
ကြိုးစားပြိုင်ဆိုင်၊
ခွဲလုံ့လ အခြေခိုင်
အားကစားမဏ္ဍိုင် တိုးတက်ရေး၊
အစဉ်အမြဲသာ တောက်ပဖို့
မြေတောင်မြှောက်ပေး။

\- ကျင်းပချိန် ရက်မြတ်ရွေးလို့
သတ်မှတ်ပေး ပွဲမဟာ၊
"ပဉ္စမအကြိမ်" ကျင်းပလို့
ခင်းကျင်းလျက်ပါ၊
"သစ်သားရတု" အချိန်ခါ
ကျရောက်လာ အားကစားပွဲ၊
ပျော်ရွှင်စွာ ကောင်းချီးပေးလို့
ပေါင်းစည်းလက်တွဲ။

\- ဆောင်းရာသီ အားကစားပွဲ
လက်တွဲလို့ ပန်းတိုင်ဆီ၊
ကျန်းမာရေးကို အခြေခံထား
လှုပ်ရှားဦးတည်၊
ကြိုးစားမှုဖြင့် ပန်းတိုင်ဆီ
လှမ်းကိုင်မည် စိတ်မှာမှန်း၊
အားကစားကို မြှင့်တင်ပေးလို့
(တို့နိုင်ငံတော်)
ဂုဏ်တင့်ကာလွှမ်း။ ။

ရွှေတိုး(ထုံးဘို)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အသံလွန်ဒုံးကျည်စမ်းသပ်ပစ်ခတ်ခဲ့သော အိန္ဒိယနိုင်ငံ

မောင်စိန်အိ(နဘဲမြေ)

အိန္ဒိယနိုင်ငံအနေဖြင့် အသံလွန်ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခြင်းသည် မျိုးဆက်သစ်လက်နက်များထုတ်လုပ်နေသော နိုင်ငံများအုပ်စုတွင် ပါဝင်လာနိုင်ပြီဖြစ်သကဲ့သို့ တောင်အာရှ၏ မဟာဗျူဟာမြောက်အခင်းအကျင်းကို ပြန်လည်ပုံဖော်နိုင်မည့် တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကိုလည်း ပိုင်ဆိုင်လာနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့(DRDO)သည် ကီလိုမီတာ ၁၅၀၀ ကျော်ထိ ရောက်ရှိပစ်ခတ်နိုင်ပြီး ကျည်ထိပ်ဖူးအမျိုးမျိုးကို သယ်ဆောင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသည့် နိုင်ငံ၏ ပထမဆုံးသောတာဝေးပစ် အသံလွန်ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့သည်။ ထိုသို့အောင်မြင်စွာစမ်းသပ်ပျံသန်းနိုင်ပြီး တိကျမှုမြင့်မားသည့် ၎င်းဒုံးကျည်သည် အိန္ဒိယတပ်မတော်(IAF)၏ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့သုံးခုစလုံးတွင် အသုံးပြုရန် ရည်မှန်းထားရှိသည်။ ယခုလအတွင်း၌ လွယ်ကူစွာရွှေ့ပြောင်းနိုင်သည့် ဒုံးကျည်ပစ်လွှတ်စင်မှ တာဝေးပစ် မြေပြင်တိုက်ခိုက်ရေးခရုဇ်ဒုံးကျည်(LRLACM)ကို စမ်းသပ်ပစ်ခတ်ပြီးနောက် အသံလွန်ဒုံးကျည်စမ်းသပ်မှုပေါ်ထွက်လာခြင်းဖြစ်သည်။

အသံလွန်ဒုံးကျည်နှင့် မြေပြင်တိုက်ခိုက်ရေးခရုဇ်ဒုံးကျည်တို့သည် အသံလွန် Brah Mos ဒုံးကျည်ကို ထပ်လောင်းအင်အားဖြည့်ဆည်းသွားရန် ရည်မှန်းတည်ဆောက်ထားခြင်းဖြစ်ပြီး Brah Mos ဒုံးကျည်သည် လက်ရှိအချိန်တွင် အိန္ဒိယရေတပ်၏ အဓိကတိုက်ခိုက်ရေးဒုံးကျည်အမျိုးအစားဖြစ်သည်။ အသံလွန်ဒုံးကျည်၏ ထူးခြားသောဝိသေသအနေဖြင့် တောင်ပံသေတပ်ဆင်ထားသော ကျည်ထိပ်ဖူး(HGV) ပါရှိသောကြောင့် သမားရိုးကျပဲ့ထိန်းကျည်များနှင့် နှိုင်းယှဉ်လျှင် လှုပ်ရှားစစ်ကစားနိုင်မှုစွမ်းရည် ပိုမိုမြှင့်တင်နိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ လေယာဉ်ထုတ်လုပ်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့က သုတေသနပြုတည်ဆောက်ထားပြီး Manik တာဘိုအင်ဂျင်တပ်ဆင်ထားသည့် တာဝေးပစ်မြေပြင်တိုက်ခိုက်ရေးခရုဇ်ဒုံးကျည်သည် ကီလိုမီတာ ၁၀၀၀ ကျော်ထိ ရောက်ရှိနိုင်မည်ဟု မျှော်မှန်းထားရှိပြီး မြေပြင်နှင့် ရေပြင် ပလက်ဖောင်းနှစ်ခုစလုံးမှ ပစ်ခတ်နိုင်မည်ဖြစ်သည်။ ထိုသို့တိုးတက်လာခြင်းသည် အိန္ဒိယနိုင်ငံ၏ ဒုံးကျည်စွမ်းဆောင်ရည်များတွင် ထူးခြားသောတိုးတက်လာမှုများဖြစ်သဖြင့် အိန္ဒိယစစ်ဘက်အတွက် တာဝေးပစ်သမားရိုးကျတိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ အသံလွန်လက်နက်များအစီအစဉ်နောက်ကွယ်မှအကြောင်းတရားမှာ တောင်ပံသေ တပ်ဆင်ထားသောဒုံးကျည်ထိပ်ဖူးများနှင့် အသံလွန်ခရုဇ်ဒုံးကျည်များသည် ရေဒါဖမ်းယူခံရနိုင်မှုနည်းပါးခြင်း၊ အလွန်အမင်းလှုပ်ရှားစစ်ကစားနိုင်ခြင်းနှင့် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးများစနစ်ကိုထိုးဖောက်နိုင်ခြင်း စသည့်အားသာချက်များရှိနေသောကြောင့်ဖြစ်သည်။ ပဲ့ထိန်းဒုံးကျည်များထက်နိမ့်သောနေရာမှပျံသန်းနိုင်ပြီး ခြေရာခံရနိုင်မှုလျော့ချနိုင်သည့် ၎င်းလက်နက်များသည် မြေပြင်အထက် ပေ ၂၀၀ ခန့်မှ ပျံသန်းနိုင်သောကြောင့် မြေပြင်အခြေစိုက်စခန်းများမှ ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရှိမည်မဟုတ်ချေ။

ထို့ပြင် ၎င်းဒုံးကျည်များသည် ကွပ်ကဲမှုစတာများ၊ အခိုင်အမာဘန်ကာများ၊ လှုပ်ရှားသွားလာနေသော ရေတပ်စစ်ရေယာဉ်များကဲ့သို့သော မဟာဗျူဟာမြောက်ပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်သော တိုက်ချင်းပစ်စွမ်းရည်ရှိသောကြောင့် အိန္ဒိယတပ်မတော်အတွက် ပိုမိုအသုံးဝင်လျက်ရှိသည်။

အသံလွန်ဒုံးကျည်များသည် သမားရိုးကျသို့မဟုတ် နျူကလီးယားကျည်ထိပ်ဖူးများကို သယ်ဆောင်နိုင်သောကြောင့် တင်းမာမှုမြင့်မားလာနိုင်သည့်အခြေအနေများတွင် လိုက်လျောညီထွေတာဝန်ထမ်းဆောင်နိုင်ပြီး ကန့်သတ်မှုရှိသော ပဋိပက္ခများတွင် မဟာဗျူဟာမြောက် ချဉ်းကပ်နိုင်မှုကိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် လေကြောင်းရန်ကာကွယ်ရေးကို ထိုးဖောက်နိုင်ခြင်းသည် ပြန်လည်တုံ့ပြန်နိုင်စွမ်းရှိပြီး ရန်သူများကို ဟန့်တားနိုင်မည့်အပြင် နျူကလီးယားအရှိန်မြင့်တက်လာမှုကို ရှောင်လွှဲနိုင်မည်ဖြစ်သည်။

အသံလွန်လက်နက်များ ဆက်လက်ထုတ်လုပ်ရေးအတွက် အိန္ဒိယ၏အကြောင်းတရားသည် မဟာဗျူဟာမြောက်ဟန့်တားမှု တိုးမြှင့်တည်ဆောက်ကာ နျူကလီးယားလက်နက်တပ်ဆင်ထားသော အိမ်နီးချင်းနိုင်ငံများအနီးတွင် လုံခြုံမှုဆက်လက်ထိန်းသိမ်းသွားရန်ပင်ဖြစ်သည်။ မြင့်မားသောအရှိန်၊ လှုပ်ရှားစစ်ကစားနိုင်မှုနှင့် တိကျမှုရှိသော ၎င်းလက်နက်များသည် တရုတ်နိုင်ငံအပေါ် ဖျောင်းဖျဟန့်တားမှုနှင့် ပါကစ္စတန်နိုင်ငံအပေါ် ဒဏ်ခတ်ဟန့်တားမှုဆိုသည့် အိန္ဒိယ၏ ပိုမိုကျယ်ပြန့်သောမဟာဗျူဟာတွင် ထူးခြားသောလက်နက်များအဖြစ် အသုံးပြုသွားနိုင်မည်ဖြစ်သည်။

အောင်မြင်မှုရရှိရေးအတွက် အသံလွန်လက်နက်များသည် ရန်သူကို တားဆီးနိုင်သောအရည်အသွေးရှိကြောင်းပြသသည့် ဟန့်တားမှုလုပ်ဆောင်ချက်ပါဝင်သည်။ ပြစ်ဒဏ်ပေးဟန့်တားမှု သို့တည်းမဟုတ် ဒဏ်ခတ်ဟန့်တားမှုသည် နျူကလီးယားအရှိန်မြှင့်တင်ခြင်းကဲ့သို့သော ပြင်းထန်သည့်ပြစ်ဒဏ်များ ပေးအပ်သွားမည့်ခြိမ်းခြောက်မှုများပါဝင်သည်။ ၎င်းဟန့်တားမှုသည် တိုက်ရိုက်ဟန့်တားမှုထက် ပိုမိုကျယ်ပြန့်သောဒဏ်ခတ်မှုအစီအမံများကို အလေးထားလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် အသံလွန်စွမ်းဆောင်ရည်များ တိုးတက်အောင်ဆောင်ရွက်ခြင်းအားဖြင့် တရုတ်နိုင်ငံကဲ့သို့သော ပြိုင်ဘက်နိုင်ငံများထံမှ မြင့်တက်လာသည့်ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရန်ရည်မှန်းထားသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အသံလွန်လက်နက်များ တိုးချဲ့တည်ဆောက်ပြီး စစ်ဘက်ဆိုင်ရာစွမ်းဆောင်ရည်များ မြှင့်တင်လျက်ရှိသည်။

အသံလွန်ခရုဇ်ဒုံးကျည်နှင့် တောင်ပံသေတပ်ဆင်ထားသော ဒုံးကျည်ထိပ်ဖူးများသည် ရန်သူ၏တန်ဖိုးကြီးပစ်မှတ်များကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ သမားရိုးကျနှင့် နျူကလီးယားစွမ်းဆောင်ရည်များ ခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်းတို့အတွက် လွန်စွာအရေးပါလျက်ရှိသည်။ ၎င်းလက်နက်များရှိထားခြင်းသည် မဟာဗျူဟာမြောက်အကျိုးစီးပွားများကာကွယ်ခြင်းနှင့် ရန်သူ့အဆင့်မြင့်စနစ်များကြောင့်ဖြစ်ပေါ်လာသည့် အားနည်းချက်များကို လျော့ချခြင်းတို့အတွက် အရေးပါလျက်ရှိသည်။



အသံလွန်လက်နက်စနစ်များနှင့် ကာကွယ်ရေးယန္တရားများတွင် အိန္ဒိယနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် မဟာဗျူဟာမြောက်သာတူညီမှုရှိသည့် အသံလွန်လက်နက်များပိုင်ဆိုင်ထားသော နိုင်ငံများအဖွဲ့၌ ပူးပေါင်းပါဝင်ရန်နှင့် ရန်သူများကို ထိရောက်စွာ ဟန့်တားရေးဆိုသည့် ၎င်း၏ရည်မှန်းချက်နှင့် ကိုက်ညီလျက်ရှိသည်။ တရုတ်နိုင်ငံ၏ အသံလွန်လက်နက်များသည် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက်ဟန့်တားမှုနှင့် ဖွံ့ဖြိုးစအသံလွန်လက်နက်ထုတ်လုပ်ရေးကြိုးပမ်းမှုများအပေါ် သိသာထင်ရှားသော သက်ရောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။

တရုတ်နိုင်ငံ၏ DF-17 အမျိုးအစားတာလတ်ပစ်ပဲ့ထိန်းဒုံးကျည်နှင့်အတူ DF-ZF အသံလွန်ဒုံးကျည်တပ်ဖြန့်ချထားမှုသည် အမေရိကန်နိုင်ငံ၏အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်များထက် သာလွန်နေကြောင်း မီးမောင်းထိုးပြသလျက်ရှိသဖြင့် ဒေသတွင်းပြိုင်ဘက်ဖြစ်သည့် အိန္ဒိယနိုင်ငံအပေါ် ဂယက်ရိုက်ခတ်မှုဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ပြင် အဆိုပါဖွံ့ဖြိုးတိုးတက်လာမှုများသည် အိန္ဒိယနိုင်ငံ၏ တုံ့ပြန်ဆောင်ရွက်မည့် အချိန်သတ်မှတ်ချက်အပေါ် ဖိအားပေးလျက်ရှိပြီး နျူကလီးယားကွပ်ကဲမှုနှင့် ထိန်းချုပ်မှုစနစ်များအပေါ် ခြိမ်းခြောက်ခြင်းတို့အပြင် အသုံးပြုမည့်ကျည်ထိပ်ဖူးအမျိုးအစားနှင့် ရည်ရွယ်ထားသည့်ပစ်မှတ်များ ဝိဝါဒမကွဲပြားသောကြောင့် အန္တရာယ်မြင့်တက်မှုတို့ကိုလည်း ဖြစ်ပေါ်စေလျက်ရှိသည်။ တရုတ်နိုင်ငံ၏အဆင့်မြင့်တိုးတက်လာမှုများသည် အိန္ဒိယနိုင်ငံကို နျူကလီးယားအသုံးပြုမှု အဆင့်သတ်မှတ်ချက်လျှော့ချရန် ဖိအားဖြစ်စေနိုင်သည်။

ထို့ပြင် အသံလွန်နည်းပညာတွင် အိန္ဒိယနိုင်ငံ၏ အကန့်အသတ်ဖြစ်နေသော တိုးတက်မှုနှင့် မပြည့်စုံသော နျူကလီးယားလက်နက်အမျိုးအစားများကြောင့် တရုတ်နှင့်အိန္ဒိယတို့ကြား အချိုးမညီသော စွမ်းဆောင်ရည်များသည် ကုန်ကျစရိတ်ကြီးမားသည့် လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

အခြားတစ်ဖက်တွင် အသံလွန်လက်နက်များ၌ အိန္ဒိယနိုင်ငံ၏ အဆင့်မြင့်တိုးတက်လာမှုများသည် ပါကစ္စတန်နိုင်ငံအတွက် မဟာဗျူဟာမြောက်စိန်ခေါ်မှုများဖြစ်ပေါ်စေလျက်ရှိသည်။ မြင့်မားသောအရှိန်နှုန်း၊ လှုပ်ရှားစစ်ကစားနိုင်မှုနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကို ထိုးဖောက်နိုင်စွမ်းရှိသော အသံလွန်စနစ်များသည် လက်ဦးမှုရယူတုံ့ပြန်တိုက်ခိုက်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ အဆိုပါစွမ်းဆောင်ရည်များသည် ပါကစ္စတန်နိုင်ငံနှင့် စစ်မက်ဖြစ်ပွားလာလျှင် အသုံးပြုရန် ကြိုတင်ပြင်ဆင်ထားသော စစ်အခြေခံသဘောတရားဖြစ်သည့် အိန္ဒိယနိုင်ငံ၏ စစ်ရေးအယူဝါဒ(Cold Start Doctrine)နှင့် ကိုက်ညီလျက်ရှိသဖြင့် ပါကစ္စတန်နိုင်ငံ၏ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များနှင့် မဟာဗျူဟာမြောက်ဒုံးကျည်များအပေါ် ပစ်မှတ်ထားသွားဖွယ်ရာရှိနေသည်။

အိန္ဒိယနိုင်ငံ၏ အသံလွန်စနစ်များအဆင့်မြှင့်တင်တည်ဆောက်လာခြင်းသည် ပါကစ္စတန်နိုင်ငံ၏ နျူးကလီးယားလက်နက်အသုံးပြုရေးရပ်တည်ချက်ကို ပြင်ဆင်ညှိနှိုင်းရန် ဖိအားဖြစ်လာနိုင်သောကြောင့် ဒုံးကျည်သတိပေးမှုအဆင့်မြှင့်တင်ခြင်း၊ ရွှေ့ပြောင်းဒုံးကျည်ပစ်ခတ်စင်များ တိုးချဲ့တည်ဆောက်ခြင်း သို့မဟုတ် ကိုယ်ပိုင်အသံလွန်အစီအစဉ်စတင်ခြင်းတို့ လုပ်ဆောင်လာဖွယ်ရှိနေသည်။ ထို့သို တုံ့ပြန်ဆောင်ရွက်မှုများသည် တောင်အာရှတွင် လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုများ တိုးမြင့်လာနိုင်သဖြင့် ပဋိပက္ခများဖြေရှင်းရေး လုပ်ဆောင်ရာတွင် အားနည်းလာခြင်းနှင့် မှားယွင်းတွက်ချက်မှုများကို ဖြစ်ပေါ်လာစေနိုင်ပေသည်။

အိန္ဒိယနိုင်ငံ၏ အသံလွန်လက်နက်များဝယ်ယူမှုသည် ဒေသတွင်းမတည်မငြိမ်မှုကို တိုးမြင့်လာနိုင်ကြောင်း မျှော်မှန်းရပေသည်။ ၎င်းလက်နက်များသည် ပါကစ္စတန်နိုင်ငံ၏ တာတိုပစ်ပဲ့ထိန်းဒုံးကျည်ကဲ့သို့သော ကုန်းမြေအခြေစိုက်ရွှေ့ပြောင်းနိုင်သည့်ဒုံးကျည်စနစ်များကို ထိရောက်စွာချေမှုန်းနိုင်သည်။ ဆိုရလျှင် တာတိုပစ်ပဲ့ထိန်းဒုံးကျည်များကို ကန့်သတ်ချက်ဖြင့်ဆောင်ရွက်မည့် ကြိုတင်တိုက်ခိုက်ရေးမဟာဗျူဟာများအပေါ် အဓိကဟန့်တားမှုအဖြစ် အိန္ဒိယနိုင်ငံက ရှုမြင်ထားသည်။

အိန္ဒိယနိုင်ငံ၏ အသံလွန်လက်နက်များသည် သမားရိုးကျကျည်ထိပ်ဖူးများကို သယ်ဆောင်နိုင်ဖွယ်ရာရှိပြီး အိန္ဒိယနိုင်ငံအနေဖြင့် ပါကစ္စတန်နိုင်ငံ၏ တာတိုပစ်ပဲ့ထိန်းဒုံးကျည်များကို လက်ဦးမှုရယူတိုက်ခိုက်ရေးအတွက် အဆိုပါစွမ်းဆောင်ရည်များကို အသုံးပြုသွားဖွယ်ရာရှိသဖြင့် ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားလက်နက်များနှင့် တုံ့ပြန်ရေးစွမ်းဆောင်ရည်အပေါ် ပိုမိုခက်ခဲရှုပ်ထွေးလာစေမည်ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသည် သမားရိုးကျစစ်ရေးပဋိပက္ခအပေါ် အကန့်အသတ်ဖြင့်ဆောင်ရွက်လာနိုင်ကြောင်း သုံးသပ်ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **India blasts into the hypersonic missile club by Asia Times.**

# ထင်တာတွေလည်း လွဲတတ်တယ်

ဗညားကျန်းထော

**ဘယ်သူ့ကိုမှ စောင်းချိတ်ပြောတာမဟုတ်ပါ။ လောကကြီးမှာ ငါလုပ်တာမှ အဟုတ်။ တစ်ခါတစ်ရံ ငါလုပ်တာမှအမှန်လို့ တစ်ယူသန်နေကြတယ်။ တကယ်တော့ အမှန်လို့သေချာပေါက် စွဲကိုင်ယုံကြည်ထားတဲ့ဟာတွေလည်း လွဲမှားတတ်တာပဲ။ သတိပြုစရာ လူ့သဘော လူ့သဘာဝကို ပြောခြင်းပါ။**

ဒါကို စာရေးသူက ပြစရာ သာဓကဖြစ်ရပ်မှန်တချို့နဲ့ ဖော်ပြချင်ပါတယ်။ စာဖတ်သူ စဉ်းစားစရာ ရလာတယ်။ ငါပြောတာမှ အားလုံးအမှန်လို့ တစ်ယူမသန်တော့ဘဲ "အေးကွာ ဟုတ်ပေတာပဲ။ ဒါမျိုးလည်း ဖြစ်တတ်တာကိုး"လို့ အသိဝင်ရင် အမှားမြင်ကာ အမှန်ပြင်နိုင်တာပေါ့ခင်ဗျာ။ ဒါဆိုရင် သဘောထားကြီးသူ ရင့်ကျက်သူဖြစ်လာတာပေါ့။ စိတ်မပူပန်ရတော့ဘူး။

သူငယ်ချင်း ကျောင်းဆရာမတစ်ယောက်ပြောပြတဲ့ သင်ခန်းစာက စတင်ပါမယ်။

ကျွန်တော့်သူငယ်ချင်း ကျောင်းဆရာမ တစ်ယောက်ဟာ စာသင်ကောင်းတဲ့အပြင် သူ့တပည့်ကလေးများ တစ်ဦးချင်းကို တယုတယဂရုစိုက်ပြီး သင်ပြတဲ့အတွက် ကလေးတွေက ချစ်ခင်ရိုသေကြပါတယ်။ ကျောင်းသားမိဘတွေကပါ သူ့ကို လေးစားကြရတယ်။

သူက လူတစ်ဦးချင်းစီကိုလေးစားတန်ဖိုးထားပြီး ဂရုတစိုက်ကူညီတော့ အားလုံးက ချစ်ခင်လေးစားခြင်းလည်း ခံရသူပါ။ ကျောင်းသားတစ်ယောက် နေထိုင်မကောင်းရင် သူမြင်တတ်တယ်။ ကျောင်းဆင်းလို့ လာကြိုတဲ့မိဘကို ကိုယ်တိုင်တွေ့ပြီး "အဒေါ်သားလေး ကနေ့ ခါတိုင်းလို မဆော့ဘူး၊ နည်းနည်းမျက်နှာညှိုးတယ်"လို့ သူက ချက်ချင်းသတင်းပေးဖော်ရတယ်။ ဟုတ်တာပဲ။ ညရောက်တော့ ကလေးက အဖျားတက်လို့ ပူချစ်နေတယ်။

အခုတော့ အငြိမ်းစား ဆရာမကြီးပေါ့။

သူပြောပြတဲ့အဖြစ်အပျက်လေးတချို့ကို ယခုလက်ဆင့်ကမ်းပါရစေ။ (သူငယ်ချင်းရေ ခွင့်တောင်းပါတယ်နော်)

သူ မူလတန်းပြဆရာမဘဝတုန်းက ဆင်းရဲနွမ်းပါးကြတဲ့ ကျေးလက်တောရွာလေးတစ်ရွာမှာရှိတဲ့ မူလတန်းကျောင်းမှာ စာသင်ခဲ့ရတယ်။ ကျောင်းသားမိဘတွေက တောသူ၊ တောင်သားတွေများကြတယ်။ ရွာထဲမှာ လူချမ်းသာနည်းပြီး လက်လုပ်လက်စား၊ ကြုံရာကျပန်း လုပ်ကိုင်စားသောက်ကြတယ်။ ကျွန်တော့်သူငယ်ချင်း ဆရာမလေးက ငယ်လည်းငယ်တော့ တက်ကြွပျော်ရွှင်နေတာပဲ။ သူ့အလုပ်ကို ဝါသနာပါတယ်။ ပြီးတော့ စေတနာပါတယ်။ ကလေးတွေကို စာသင်ပေးရတာပဲ သူက ကျေနပ်ကြည်နူးတတ်တယ်။

ဒုတိယတန်းကျောင်းသားလေးတွေကို တစ်နေ့မှာ သူက ဉာဏ်စမ်းပုစ္ဆာမေးပါတယ်။ ဖြေရတာပျော်ပါစေလို့ သူက မေးခွန်းလွယ်လွယ်လေးနဲ့ စတင်တယ်။

"မညိုညို၊ နှစ်နဲ့သုံး ပေါင်းရင် ဘယ်လောက်ရလဲ"

ကလေးက လက်ချောင်းလေးတွေ ရေတွက်ပြီး–

"ငါးပါ ဆရာမ"

"အေး မှန်တယ်၊ မညိုညိုလေး တော်တယ်"

နောက်တစ်ယောက်ကို မေးပြန်တယ်။

"မဖြူဖြူရေ သုံးထဲမှ နှစ်နုတ်ရင် ဘယ်လောက်ကျန်သလဲ"

"ကလေးက လက်ချောင်းလေးတွေကို ရေတယ်။

"နှစ်ပါ ဆရာမ"

အတန်းထဲက ကလေးတချို့က ရယ်တယ်။

မေးခွန်းကိုရှင်းအောင် သူကသာဓကဆောင်ပြပြီး ထပ်မေးတယ်။

"သမီး မေမေက မြို့ကို ဈေးဝယ်သွားပြီး ပြန်လာတော့ သမီးတို့စားဖို့ မာလကာသီး သုံးလုံးဝယ်လာခဲ့တယ်။ သမီးကို တစ်လုံးပေးတယ်။ ညီမလေးကို တစ်လုံးပေးတယ်။ သမီးတို့ စားဖို့လေ။ အဲဒါဆိုရင် သမီးရဲ့မေမေ့ဆီမှာ မာလကာသီး ဘယ်နှလုံး ကျန်မလဲ"

"နှစ်လုံး ကျန်ပါတယ်ဆရာမ"

ဆရာမ အံ့ဩရပြီ။ ထပ်မေးရပြီ။

"ဘာဖြစ်လို့လဲ မဖြူဖြူလေးရယ်"

"ဟုတ်ကဲ့ ညီမလေးက သွားမပေါက်သေးလို့ပါ"

ဒီအခါ ကျောင်းသူ၊ ကျောင်းသားများ ရယ်ကြတယ်။

**❖ ဒါဆို အဆိပ်မိလို့ သုံးကောင်စလုံး သေရှာပြီလား။ ခြံပတ်လည် လက်နှိပ်ဓာတ်မီးတွေထိုး အမှောင်ထဲ ခွေးနာမည်တွေ အော်ခေါ်။ ခွေးပျောက်ရှာပုံတော် ဖွင့်ကြရတယ်။ လူဆိုး၊ သူခိုးက ဝင်ချင်လို့ ခွေးသုံးကောင်ကို အရင်မျှားခေါ်သွားပြီး ရှင်းပစ်တာလေလား။ သံယောဇဉ်ကြောင့် တစ်အိမ်လုံး ပူပန်စိတ်ဆင်းရဲနေကြရတာ။ ဟော ည ၈ နာရီခွဲမှ ခွေးသုံးကောင် ခြံစည်းရိုးရဲ့အောက်က လူးလိမ့်တိုးပြီး ပြန်ဝင်လာကြတယ်။ ဒီတော့မှပဲ ပြုံးနိုင်ကြပါတော့တယ်။ ထင်တာတွေလည်း လွဲတတ်တယ်။ ပြောချင်တဲ့ ဆိုလိုရင်းကို သိပြီနော်။ စိတ်မပူပါနဲ့။ ကိုယ်မသိတာ မမြင်တာတွေလည်း ရှိတတ်ပေတယ်။ ❖**

ဟုတ်တယ်လေ။ သွားမပေါက်သေးတဲ့ ကလေးက မာလကာသီးမစားနိုင်တော့ အမေ့ဆီမှာ နှစ်လုံး ကျန်နေဦးမှာပါပဲပေါ့။

သူငယ်ချင်းဆရာမပြောတာ နားထောင်ရင်း စာရေးသူလည်း ပြုံးမိပါတယ်။ အေးကွာ ဒါမျိုးလည်း ရှိသကိုး။

၂+၃ = ၅ မှန်တယ်။

၃-၂ = ၁ ဆိုမှ မှန်တယ်ထင်ရပေမယ့်လည်း အပြင်မှာ ၃-၂=၂ ဖြစ်နေတာ၊ သွားမပေါက်သေးလို့ မာလကာသီး မစားနိုင်သူက မစားတော့။ တစ်လုံးသာစားပြီး နှစ်လုံးပဲကျန်နေတာ ပကတိတကယ့်ဘဝ။

ဆရာမက ဂဏန်းသင်္ချာကို အသုံးချရာမှာ မှန်ပေမယ့် နေရာတကာတော့ ပြီးပြည့်စုံအောင် မှန်ကန်တယ်လို့ မဆိုနိုင်ကြောင်း စာရေးသူကို မေးခွန်းထုတ်ကာ သာဓကပြပါတယ်။ သူက–

"သူငယ်ချင်း အိမ်ထောင်ကျတော့ မိသားစု ဘယ်နှယောက်ဖြစ်လာလဲ။ သားသမီး ဘယ်နှယောက်ရလဲ"

"ငါးယောက်"

"ကဲ ကြည့်ပါဦး။ ၁+၁ = ၅ ဖြစ်နေပါလား"

"ကျွန်တော်တို့ ရယ်ကြပါရဲ့။ ဟုတ်ပေ့ကွာ"

"မြေးတွေပါ ထည့်ပေါင်းရင်ကောကွာ"

"ကိုးယောက်"

"သူငယ်ချင်းရဲ့ အဘိုး ဦးတိုက်အေးနဲ့ အဘွားဒေါ်ပေါကြွယ်တို့ ညားလို့ ပေါင်းခဲ့တာ သား၊ သမီး မြေး၊ မြစ်များ ဘယ်လောက်တောင်ရှိနေပြီလဲ"တဲ့။

"ဟာ...၁+၁ ဆိုတာ တူညီတဲ့ဂဏန်းချင်းသာမပွားပေမယ့်လည်း ကျားနဲ့မ၊ အမျိုးသားနဲ့ အမျိုးသမီးကပေါင်းဖော်တဲ့အခါ လူသားတွေ သားစဉ်မြေးဆက် ဦးရေတိုးတက်ပွားများတာပေကိုး။ ၁+၁=၂ မဟုတ်တော့ဘူး။ မိသားစုသစ်ပင်ဇယား (Family Tree Table) ရေတွက်ကြည့်လိုက်တဲ့အခါ မိမိရဲ့ ဆွေမျိုးသားချင်းတွေက တစ်ရာကျော်နေပါရောလား။

ဘာမဆိုင် ညာမဆိုင် ရုတ်တရက် အတွေးတစ်ခုက **သံယောဇဉ်**ဆိုတာ ဝင်ရောက်လာတယ်။ စိတ်ထဲပေါ်လာတာပြောတာပါ။ သံယောဇနဆိုတဲ့ ပါဠိဝေါဟာရက ဆင်းသက်လာခဲ့တဲ့ မြန်မာစကား သံယောဇဉ်ဆိုတာ ခိုင်မြဲစွာရစ်ပတ်ချည်နှောင်ဖွဲ့တတ်တဲ့ သဘော။

စာရေးသူတို့အိမ်မှာ မြန်မာခွေးသုံးကောင် ရှိပါတယ်။ ဒီမြို့မှာ မိမိအဖို့ အိုးပိုင်အိမ်ပိုင် မရှိပါ။ တာဝန်ပေး၊ နေစရာပေးပြီးခါတော့ မင်းမှုထမ်းရတဲ့ဘဝ၊ ကြီးတောင်ကြီးမားမှ တစ်နှစ်ကျော်ကျော် ထမ်းဆောင်ရပါတယ်။ တာဝန်ပေးစဉ်က နေစရာအိမ်လေးပေးပေမယ့် တာဝန်ကနားတဲ့အခါ နေစရာရှာဖွေရပါတယ်။ ဒီအခါ အငှားနဲ့ တစ်နေရာ နှစ်နေရာမှာနေရင်း သား၊ သမီးတွေရဲ့အင်အားနဲ့ မိမိရတဲ့မြေကွက်မှာ တစ်နှစ်ကြာလောက်ကြိုးစားပြီး အိမ်ဆောက်လိုက်တဲ့အခါ ပန်းရန်ဆရာ၊ လက်သမားတွေလက်ထက်က လမ်းပေါ်က ခွေးလေးသုံးကောင်က ကပ်နေပါတော့တယ်။ ရှိပါစေ။ နေကြပါစေ။

ဒီအိမ်ပန္နက်ရိုက် အုတ်မြစ်ချတဲ့အချိန်ကတည်းက ရှိနေခဲ့တဲ့ ခွေးလေးတွေဟာ ဒီအိမ်ပေါ်သူတို့ထက် ပိုနောက်ကျပြီးရောက်လာတဲ့ မိမိတို့ကို တစ်လနှစ်လ အစာမှန်မှန်ကျွေးမှ သခင်လို့ အသိအမှတ်ပြုပါတယ်။ ကိုယ်မွေးတဲ့ခွေး မဟုတ်ခဲ့ပေမယ့် သူတို့လည်း အခြားနေစရာမှ မရှိတာ(ကိုယ်ချင်းစာပါတယ်) နေပါစေရယ်လို့ ချစ်ခင်သင့်မြတ်အောင် ကျွေးမွေးပြုစုပါတယ်။

ခွေးအထီးတစ်ကောင်နဲ့ ခွေးအမနှစ်ကောင်။

ခွေးထီးနာမည်က ဉာဏ်ကျယ်တဲ့၊ မြေးလေးတွေ နာမည်ပေးတာ။ ကျန်တဲ့နှစ်ကောင်က မိပိုနဲ့ ဘိုမ။

မိသားစု နှစ်နေရာ သုံးနေရာ အိမ်တွေပြောင်းလေသမျှ အတူပါလာတဲ့ ကြောင်လေးသုံးကောင်ကတော့ လုံလုံ၊ လိမ္မော်နဲ့ ဝါဝါလို့ခေါ်ကြတယ်။ ခွေးသုံးကောင်နဲ့ကြောင်သုံးကောင်ဟာလည်း အခုမှ တွေ့ကြုံဆုံကြ၊ တစ်အိမ်ထဲ၊ တစ်ဝင်းထဲ အတူတူနေထိုင်ကြပေမယ့် သင့်သင့်မြတ်မြတ် နေတတ်ကြပါတယ်။ ခွေးချင်းလည်း ရင်းရင်းနှီးနှီး နီးနီးကပ်ကပ် အိပ်ကြစားကြ နေတတ်သလို ကြောင်လေးသုံးကောင်ကလည်း အချင်းချင်း ကြင်ကြင်နာနာ စည်းစည်းလုံးလုံး ရှိကြပါတယ်။

ခွေးနဲ့ကြောင်နဲ့ သူစိမ်းတွေဖြစ်ကြပေမယ့် ဒီအိမ်မှာ ရေစက်ဆုံကြတာမို့ မိသားစုလို နေတတ်ပါပြီ။

နေရာသစ်မှာ ခြံစည်းရိုးကာတာ၊ မြေနိမ့်ရာကို မြေဖို့ရတာ၊ အရိပ်ပင်၊ ပန်းပင်၊ သစ်ပင်ပန်းမာလ်စိုက်ပျိုးမြေချ တစ်နေ့ပြီးတစ်နေ့ အဆက်မပြတ် တစ်လ နှစ်လနေတော့ အိမ်သစ်မှာ ခွေးတွေ၊ ကြောင်တွေကအစ အထာကျနေပါပြီ။

ခွေးသုံးကောင်က မိမိတို့လူနဲ့ အထိအတွေ့ရင်းနှီးမှုချင်း မတူကြပါ။ မိပိုက လူနဲ့ရင်းနှီးမြန်ပြီး နွေးနွေးထွေးထွေးနေပေးတာကို သဘောကျပါတယ်။ ဘိုမက အညိုရောင်၊ အမွေးဖွားဖွားနဲ့ ဥရောပ ခွေးအလှနဲ့ မြေခွေးပုံမျိုးပေါက်ပါတယ်။ သူလည်း လူနဲ့ရင်းနှီးပါတယ်။ မိပိုနဲ့ မိဘိုမတို့က အစာကျွေးရင် စောစောစားရတာပေါ့။ သူတို့နာမည်ခေါ်ရင် ခွေးရော ကြောင်ရော ခေါ်ခံရတဲ့အကောင် အမြန်ဆုံးပြေးလာလေ့ရှိပါတယ်။ အစားအစာနဲ့ မုန့်ပဲသရေစာကျွေးဖို့ ခေါ်တာဆိုတာ သိနေကြပြီ။

တစ်ကောင်ချင်းက သူတို့အမည်ကို သူတို့သိတယ်။ နားလည်တယ်။ လူပြောတဲ့စကားတချို့ကိုလည်း လေသံအရ၊ အမူအရာဟန်ပန်အရ သိတတ်ကြပါတယ်။ ခွေးတွေ၊ ကြောင်တွေဟာ လူက အနီးကပ်မွေးမြူကြရလောက်အောင် ဆက်ဆံရေးအသိဉာဏ် ရှိကြပါတယ်။ တိရစ္ဆာန်ပေမယ့် သူတို့နဲ့ အပြန်အလှန် ချစ်ခင်မှုသံယောဇဉ်က ငြိတွယ်လာကြတော့ မိသားစုဝင်တွေလို့ပဲ ထင်မှတ်လာပါတော့တယ်။ အစာကောင်းကောင်း စားရရဲ့လား။ သွားပုံလာပုံ မူမှန် ကျန်းမာရဲ့လား၊ ဂရုစိုက်ကြည့်ကြပါတယ်။

နေ့ခင်း တစ်နာရီခွဲလောက်ကစပြီး အိမ်ကခွေးသုံးကောင်စလုံး ပျောက်သွားကြတယ်။ ညနေ ၅ နာရီခွဲ ကျွေးနေကျအစာလည်း လာမစားဘူး။ တစ်ခါတစ်ရံ ဒီလိုပဲ ပတ်ဝန်းကျင်လယ်ကွင်းထဲက တဲအိမ်တွေထိ လျှောက်လည်ချင်လည်နေတတ်တာကို မိသားစုက သိထားပါတယ်။ ဒီနယ်မြေကို မိမိတို့ထက် ပိုကျွမ်းပြီးသား၊ စားချိန်တန်ရင် ပြန်လာနေကျ။ သို့ပေမယ့် ထူးထူးခြားခြား ဒီကနေ့ သုံးကောင်စလုံး ခေါ်မကြား အော်မကြား မပေါ်လာပါလား။

မူလဇာစ်မြစ် လမ်းပေါ်ကခွေးလေခွေးလွင့်တွေမို့ အကျင့်ကတော့ ကျန်ရစ်နေသေးလို့လား။ အိမ်ရှေ့မှာ ဆိုင်ကယ်နဲ့ စားစရာချချကျွေးတတ်တဲ့ လူတစ်ယောက်က ဝေးရာကိုမျှားခေါ်သွားလေသလား။

ည ၇ နာရီထိ ပေါ်မလာတော့ မိသားစုမှာ သားသမီးပျောက်သလိုပဲ ပူပန်စကားတွေပြောဆိုမိကြပါပြီ။ ကနေ့ စည်ပင်က ခွေးတွေ အမဲတုံးပစ်ပြီးသေတဲ့လမ်းပျော်ခွေးတွေ အမှိုက်ကားကြီးပေါ်ပစ်တင်နေတာမြင်ခဲ့တယ်လို့ တစ်ယောက်က ပြောလာတော့ ဒါဆို အဆိပ်မိလို့ သုံးကောင်စလုံး သေရှာပြီလား။ ခြံပတ်လည်လက်နှိပ်ဓာတ်မီးတွေထိုး အမှောင်ထဲ ခွေးနာမည်တွေ အော်ခေါ်။ ခွေးပျောက်ရှာပုံတော် ဖွင့်ကြရတယ်။ လူဆိုး၊ သူခိုးက ဝင်ချင်လို့ ခွေးသုံးကောင်ကို အရင်မျှားခေါ်သွားပြီး ရှင်းပစ်တာလေလား။ သံယောဇဉ်ကြောင့် တစ်အိမ်လုံး ပူပန်စိတ်ဆင်းရဲနေကြရတာ။ ဟော ည ၈ နာရီခွဲမှ ခွေးသုံးကောင် ခြံစည်းရိုးရဲ့အောက်က လူးလိမ့်တိုးပြီး ပြန်ဝင်လာကြတယ်။ ဒီတော့မှပဲ ပြုံးနိုင်ကြပါတော့တယ်။ ထင်တာတွေလည်း လွဲတတ်တယ်။ ပြောချင်တဲ့ဆိုလိုရင်းကို သိပြီနော်။ စိတ်မပူပါနဲ့။ ကိုယ်မသိတာ မမြင်တာတွေလည်း ရှိတတ်ပေတယ်။

## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအထောက်အကူပြု ပုံမှန်သင်တန်းများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းအမည် | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) | ချည်မျှင်နှင့်အထည်အလိပ်ဒီပလိုမာ (၁)နှစ်သင်တန်း | ၂၅ ဦး |
| (ခ) | ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ (၁)နှစ်သင်တန်း | ၂၀ ဦး |
| (ဂ) | ရိုးရာလွန်းရာကျအချိတ် (၆)လသင်တန်း | ၅ ဦး |
| (ဃ) | ရွှေချည်ထိုး၊ ငွေချည်ထိုး (၃)လသင်တန်း | ၅ ဦး |
| (င) | လက်ရက်ကန်း (၆)လသင်တန်း | ၁၀ ဦး |

၂။ သင်တန်းဝင်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့်ပြည့်စုံရမည်-

(၁) အမှတ်စဉ် (က) သင်တန်းအတွက် အခြေခံပညာအထက်တန်းအောင်မြင်ပြီး အသက် (၁၆) နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။

(၂) အမှတ်စဉ်(ခ) သင်တန်းအတွက် အခြေခံပညာအလယ်တန်းအောင်မြင်ပြီး အသက် (၁၆) နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။

(၃) အမှတ်စဉ်(ဂ)၊ (ဃ)နှင့် (င)သင်တန်းများအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီး (၁၆)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။

(၄) အမှတ်စဉ် (ဂ)နှင့် (ဃ)သင်တန်းအတွက် အမျိုးသမီးများကို ဦးစားပေးမည်။

၃။ အောက်ပါလိပ်စာတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ(အမရပူရမြို့)

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၂-၄၀၅၉၉၆၄၊ ၀၂-၄၀၇၀၄၂၈၊ ၀၉-၄၂၈၃၂၀၂၃၅ ၀၉-၄၀၂၅၇၃၉၁၈၊ ၀၉-၄၂၀၇၁၂၈၃၁

E-mail - mmsaunder@gmail.com

၄။ သင်တန်းတိုင်းအတွက် ရေ၊ မီး၊ အပြည့်အစုံ အဆောင်**(အခမဲ့)** နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ ၃၀၀၀၀ ကျပ် ချီးမြှင့်ပါမည်။

၅။ ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။






### ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းရွာနေ မောင်ပိုင်ဝေခန့် (ဘ) ဦးညွန့်ဝင်း (၉/ပသက(နိုင်)၁၉၃၇၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-161711)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-677442861

### ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ အပိုင်း (၉)၊ မဟာမြိုင်ရပ်ကွက်နေ မစုလှိုင်မျိုး (ဘ) ဦးမျိုးဝင်း (၉/မဟမ(နိုင်)၀၃၉၈၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-211186)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-431535394

"အဂတိပယ်ရှား ပြည်သာယာ"

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ မှတ်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် မြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm


# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၃၅၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၃၅၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ၂၄၅၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဝက်လက်မြို့နယ်အတွင်း ဂျုံ ၂၄၅၅၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဂျုံ ၂၃၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ ပိုမိုတိုးတက်မှုရှိလာပါတယ်။ ဂျုံအထွက်နှုန်းတိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ ပေါင်းရှင်းဖို့ ဆောင်ရွက်ပေးပါတယ်။ ဂျုံသီးနှံအထွက်တိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဂျုံသီးနှံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧက စိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် သုံးသိန်းဝန်းကျင်ရှိပြီး ဂျုံတစ်ဧက စိုက်ပျိုးပါက ၂၁ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံသီးနှံစိုက်တောင်သူများကို ဂျုံအထွက်နှုန်းကောင်းမွန်စေရန် နည်းပညာပေးသင်တန်းများ ပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး ဆောင်ရွက်ပေးခြင်း၊ ပုလဲဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းထံမှ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ် သရက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ကျောင်းကုန်း ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း (မူလ) ခွင့်ပြုရန်ပုံငွေဖြင့် သရက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်နှင့် တာဝန်ခံအင်ဂျင်နီယာများက သရက်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ကုန်ထုတ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောင်းကုန်းမြို့နယ် သရက်ကုန်းကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ပေ၊ အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်းမြေရောကျောက်ခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ် အလျား ၁၅ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေရှိ Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကိုငွေလုံးငွေရင်း (မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၁၀၆ ဒသမ ၄၆၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် တော်ကုမ္ပဏီက ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သံသာ**

**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card Bill ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း၊ ပြည်ပ ငွေလွှဲ (ထိုင်း)

**အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။**

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

**ရွှေဖီဦး BLACK TEA (နောင်တရား) ကို**
**Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။**

သဘာဝအစစ်ရဲ့ အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) နှင့် BEST Practices Award ရရှိသည့် ရွှေဖီဦး




ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ ကြေးသွန်းရပ်နေ ဦးကျော်ဝင်း + ဒေါ်ချိုချိုတို့၏သမီး မပွင့်သန္တာကျော် (၉/အမရ(နိုင်)၁၇၆၂၆၁ သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ
ဒေါ်ချိုချို(၉/အမရ(နိုင်)၁၁၉၃၃၂)

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ ဆ-၉/၂၀၊ မြို့သစ် (၂)ရပ်ကွက်နေ မောင်ဇော်ထူးအောင် (ဘ) ဦးသန်းဆွေ (၅/ဟမလ(နိုင်) ၀၆၉၅၀၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-795457) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-953055899

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## သီဟသုဓမ္မသီရိ ဒေါ်သွင်သွင်

အသက်(၇၉)နှစ် သည်
မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ရှမ်းပွဲရပ်
သစ္စာစေတနာဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး နှင့် သီရိသစ္စာဟိုတယ်
ကိုမိုးကျော်သွင်၊ ကိုမိုးကျော်လွင် + ဒေါက်တာသီရိဝေ တို့၏ ကျေးဇူးရှင်မွေးသမိခင်၊
မကြည်စင်သန့်၊ မသုသီရိလွင်၊ မသစ်သီရိလွင် တို့၏ ဖွားဖွား
သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်း ၏ ချစ်လှစွာသော ဇနီး
သီဟသုဓမ္မသီရိ ဒေါ်သွင်သွင်
အသက်(၇၉)နှစ် သည်
၁၃၈၆-ခုနှစ်၊ နတ်တော်လဆန်း(၈)ရက်၊ ၈-၁၂-၂၀၂၄(တနင်္ဂနွေနေ့)
ည(၁၁း၃၀)နာရီအချိန်တွင် (၉၈)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့
ပြောင်းသွားကွယ်လွန်သည်ဖြစ်ရာ ကြွင်းကျန်ရစ်သော ဥတုရုပ်ကလာပ်ကို
၁၃၈၆-ခုနှစ်၊ နတ်တော်လဆန်း(၁၀)ရက်၊ ၁၀-၁၂-၂၀၂၄(အင်္ဂါနေ့)
နေ့(၁း၀၀)နာရီအချိန်တွင် ရှမ်းပွဲရပ်နေအိမ်မှ
တောင်အင်း-မြောက်အင်းသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍
ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား ရဟန်း သိမ် ကျောင်း ဒါယိကာမကြီး ဒေါ်ခင်စိန် အသက် (၆၆)နှစ်

မန္တလေးမြို့၊ ရွှေတော်ပြေးဝင်းရပ်နေ
အဖ ဦးထွန်းအောင် အမိ ဒေါ်သန်းတို့၏သမီးငယ် ဒေါ်ရီရီသန်း၊
ဒေါ်ရီရီအောင်တို့၏ညီမ
ဦးတင်စိန်+ဒေါ်စန်းစန်းအေးတို့၏အစ်မ
**ဒေါ်ခင်စိန် အသက် (၆၆)နှစ်**
သည် ၉-၁၂-၂၀၂၄ နံနက် ၀၃း၃၀နာရီတွင် (၉၆)ပါးသောဝေဒနာဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ကွယ်လွန်သူ၏ဆန္ဒအရ မန္တလေးဆေးတက္ကသိုလ် ခန္ဓာ ဗေဒဌာနသို့ လှူဒါန်းပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အဖိုးတန် ရေချိုကို ချွေတာပါ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ပညာရေးအခြေခံမကောင်းပါက မိမိအတွက် သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစု ဘဝနှင့်မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုး ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်...

❖ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ် လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ် အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန် အရေးကြီး...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

